# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၆) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (24-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



မူလအဘိဓမ္မာကအောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ရိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ ဆရာတော် အရှင်ဝါသဝါလင်္ကာရထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့်သာသနာ့အာဇာနည်အရှင်သူမြတ်အပါး ၁၅၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ တိပိဋက ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၁၃ ခုနှစ် မေ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

သဘာဝဘေးဟူသည် တားဆီးနိုင်သည့်အရာမဟုတ်ဘဲ ဖြစ်ပေါ်လာနိုင်သည်များကို မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်မည်၊ ဖြစ်ပေါ်ပြီးပါက ပျက်စီးဆုံးရှုံးခဲ့ရသည်များကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည့် အတွေ့အကြုံများရှိခဲ့ပြီး သဘာဝဘေးဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည်။ ထိုနောက်ပိုင်း သဘာဝဘေးဒဏ်တချို့ကို တွေ့ကြုံခဲ့ရသော်လည်း ကြီးမားသည့် သဘာဝဘေးများမရှိခဲ့ပေ။ နာဂစ်မုန်တိုင်းဖြစ်ပွားချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ပြည့်စုံစွာကြိုတင်ပြင်ဆင်နိုင်ခြင်းမရှိသော်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့အကြုံများရှိသည်ဖြစ်သော်လည်း အချို့သောသူများမှာ ဘေးလွတ်ရာသို့ မရွှေ့ပြောင်းလိုကြသူများလည်းရှိကြသည်။ အများစုပြောင်းရွှေ့နိုင်သော်လည်း အချို့သည် ရွှေ့ပြောင်းပေးမှုအပေါ် ငြင်းဆန်မှုများရှိခဲ့သည်။ ထိုသို့ မပြောင်းရွှေ့မှုများကြောင့် သေဆုံးရသည်များဖြစ်ပေါ်ခဲ့သည်။ ဘေးလွတ်ရာသို့ ပြောင်းရွှေ့သူများအနေဖြင့် ထိခိုက်မှုမရှိခဲ့ပေ။

မေ ၁၄ ရက်တွင် အလွန့်အလွန်အားကောင်းသာ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) သည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ မေ ၁၉ ရက် ညနေပိုင်းထိ ကောက်ယူရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေးတစ်ခု၊ လေဆိပ်အနေဖြင့် စစ်တွေ လေဆိပ်နှင့် ကျောက်ဖြူလေဆိပ်၊ ဌာနဆိုင်ရာအဆောက်အအုံအလုံး ၃၄၀ ပျက်စီးခဲ့ပြီး သေဆုံးသူ ၁၄၅ ဦးရှိခဲ့သည်။

ထိုသို့ ပျက်စီးမှုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုရန် လှူဒါန်းမှုအစုစုအနေဖြင့် ငွေကျပ် ၈၇၁၇၅၃၉၅၀၀၊ ထိုင်းဘတ်ငွေတစ်သန်း၊ ငွေကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိ သွပ်ချပ်ရေ တစ်သိန်းနှင့် ဆက်စပ်အိမ်မိုးပစ္စည်းများ၊ ယွမ်တစ်သိန်းနှင့်ညီမျှသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ရေသန့်များကို လက်ခံရရှိခဲ့သည်။

သို့ဖြစ်ရာ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မကျန်ရရှိစေရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့တတ်စွမ်းသည့်ဘက်က ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ရှားပါးလာသည့် တိုင်းရင်းငါးမျိုးများဖြစ်သော ငါးလူး၊ ငါးနုသန်းနှင့် ငါးပတ်တို့ကို မွေးမြူသားဖောက်သွားမည်



မန္တလေး မေ ၂၃

ရှားပါးလာသည့် တိုင်းရင်းငါးမျိုးများဖြစ်သော ငါးလူး၊ ငါးနုသန်းနှင့် ငါးပတ်တို့ကို ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် မွေးမြူသားဖောက်သွားမည်ဖြစ်ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငါးမျိုးစိတ်များ စဉ်ဆက်မပြတ်ပေါများဖွံ့ဖြိုးစေရေးအတွက် သားဖောက်နိုင်ရန် စုဆောင်းမှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင်လည်း ငါးလူး၊ ငါးနုသန်းနှင့် ငါးပတ်တို့ကို လာမည့်ဇွန်လမှစ၍ မွေးမြူသားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရှားပါးလာတဲ့တိုင်းရင်းငါးမျိုးစိတ်တွေကို သရက်ကုန်းငါးလုပ်ငန်းစခန်းကနေ စမ်းသပ်သုတေသနပြုကာ မွေးမြူပြီးတော့ သားဖောက်ပေးမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ငါးတွေကို ထုတ်လုပ်နိုင်အောင်လို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးတွေ စဉ်ဆက်မပြတ်ဖမ်းဆီးစားသောက်နိုင်ဖို့၊ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့၊ ဒေသရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့၊ ပြည်သူတွေ ငါးစားသုံးမှုပိုများလာစေဖို့၊ ကုန်ကျစရိတ်နည်းနည်းနဲ့ နိုင်ငံတကာကို မှီခိုကင်းပြီး ကိုယ်နိုင်ငံတွင်းမှာရှိတဲ့ ဈေးကွက်ဝင်တဲ့ ငါးသားပေါက်တွေကို ထုတ်လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မွေးမြူသားဖောက်ပေးတာဖြစ်ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

(၁၈၅)

# မန္တလေးမြို့ စည်ပင်နယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသောတွဲကားများကို ရှောင်တခင်စစ်ဆေးမည်

မန္တလေး မေ ၂၃

မန္တလေးမြို့ စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို မေလစတုတ္ထပတ်အတွင်း အဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်း လမ်းမကြီးပေါ်၌ စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးကာ အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ၁၀ ဘီးကား၊ ၁၂ ဘီးကားနဲ့ ၂၂ ဘီးတွဲကားတွေ မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်အတွင်းမှာရှိတဲ့ လမ်းဘေးဝဲ၊ ယာနဲ့ လမ်းမကြီးတွေပေါ်မှာ စည်းကမ်းမဲ့ ရပ်နားထားကြတာတွေ တွေ့နေရတာကြောင့် အရေးယူမှုတွေ ပြန်လည်လုပ်ဆောင်သွားမှာပါ"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြသည်။

အဆိုပါတွဲကားကြီးများ ရပ်နားထားရာတွင် ရက်ပေါင်းကြာမြင့်စွာ ရက်နားထားခြင်းကြောင့် ၎င်းလမ်းပိုင်းတွင် ယာဉ်ကြောရှုပ်ထွေးမှုများအပြင် ညပိုင်းအချိန်များ၌ ယာဉ်တိုက်မှုများပါ ဖြစ်ပွားနိုင်သောကြောင့် ထိုသို့ စည်းကမ်းမဲ့ ရပ်နားထားသော တွဲကားကြီးများကို မေလစတုတ္ထပတ်အတွင်း စစ်ဆေးအရေးယူမှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"စည်းကမ်းမဲ့ရပ်နားထားတဲ့ တွဲကားတွေကို ဒဏ်ကြေးငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ဒဏ်ရိုက်အရေးယူပါမယ်။ ပိုင်ရှင်မဲ့ဖြစ်တဲ့တွဲကားတွေကို နီးစပ်တဲ့ မန္တလေးမြို့တော် စည်ပင်ပိုင် ကစားကွင်းထဲကို ကရိန်းကားနဲ့ဆွဲပြီး သိမ်းသွားမယ်။ ကရိန်းနဲ့ဆွဲသွားပြီဆိုရင်တော့ ကရိန်းငှားရမ်းခအပါအဝင် ဒဏ်ကြေးငွေ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ပေးဆောင်ရမှာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ဖြင့် ဈေးကောင်းရရှိ

မန္တလေး မေ ၂၃

မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း) များကို ယခုအခါ တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာသောကြောင့် ပြည်တွင်း၌ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ မန္တလေးဈေးကွက်အတွင်း၌ ယခု မေလပထမပတ်အတွင်းက ပဲပုပ် (ရှမ်း)များ အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရသည်။

"လက်ရှိမှာ ပဲပုပ်(ရှမ်း)တွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းပြန်ရလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မေလပထမပတ်က ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုလက်ရှိ မေ ၂၁ ရက်ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာခဲ့ကြောင်း သိရသည်။

"ပဲပုပ်(ရှမ်း)ကတော့ မန္တလေးဈေးကွက်အတွင်းကော၊ ပြည်တွင်းတခြားမြို့တွေကကော၊ ပြည်ပကကော အဝယ်တော်တော်လေးလိုက်လာတာကြောင့် ဈေးကောင်းရလာပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ်(ရှမ်း) ဈေးကောင်းရဖို့ရှိနေတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းတုန်းမြို့နှင့် ရှေးဟောင်းအမွေအနှစ်များ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းတုန်းမြို့သည် ကုန်းဘောင်ခေတ် ဒုသမမြောက်ဘုရင် မင်းတုန်းမင်း မင်းသားဘဝက စားခဲ့သည့်မြို့အဖြစ် ထင်ရှားခဲ့သည်။ သို့သော် မင်းတုန်းမင်းသည် မင်းတုန်းမြို့သို့မရောက်ရှိခဲ့ဖူးသဖြင့် မင်းတုန်းမင်းနှင့်ပတ်သက်သည့် အထောက်အထားများကို မတွေ့ရှိရချေ။ နှုတ်ပြောရာဇဝင်များတွင် ဘုမ္မာဝတီဟုလည်းထင်ရှားသည့် မင်းတုန်းမြို့သည် အထောက်အထားများတွေ့ရှိရသည့် သမိုင်းကြောင်းနှင့်အတူ အစဉ်အဆက်ပြောဆိုခဲ့ကြသည့် နှုတ်ပြောရာဇဝင်များနှင့်လည်း ရောပြွမ်းနေခဲ့သည်။ မင်းတုန်းမြို့သည် လက်ရှိအချိန်တွင် မြို့ငယ်တစ်ခုအဖြစ်သာတည်ရှိနေသော်လည်း မင်းတုန်းမြို့နယ်တွင် ရှေးဟောင်းအမွေအနှစ်တချို့ ကျန်ရှိနေပေသည်။

မြန်မာဘုရင်များလက်ထက်က မင်းတုန်းမြို့ကို မြို့ဝန်က အုပ်ချုပ်ခဲ့ပြီး မင်းတုန်းမြို့ဝန်သည် မင်းတပ်၊ တိုင်းတား၊ မြို့သစ်၊ ပန်းတိမ်း၊ ငဖဲ၊ နန်းတော၊ မင်းတုန်းဟူသော တောင်စဉ်ခုနစ်ခရိုင်ကိုစီမံအုပ်ချုပ်ရကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

**မင်းတုန်းမြို့**

မင်းတုန်းမြို့နယ်သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင်ပါဝင်ကာ ၉၈၆ ဒသမ ၅၉ စတုရန်းမိုင်ကျယ်ဝန်းသည်။ မင်းတုန်းမြို့နယ်ကို ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၇၂ စု၊ ကျေးရွာ ၁၇၄ ရွာဖြင့်ဖွဲ့စည်းထားပြီး မင်းတုန်းမြို့၏ အကျယ်အဝန်းသည် သုည ဒသမ ၂၁ စတုရန်းမိုင်ဖြစ်သည်။

မင်းတုန်းမြို့နယ်သည် ရခိုင်ရိုးမ၏အရှေ့ဘက်တွင်တည်ရှိ၍ အရှေ့ဘက်တွင် သရက်မြို့နယ်၊ တောင်ဘက်တွင် ကံမမြို့နယ်၊ အနောက်ဘက်တွင် အမ်းမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ မြောက်ဘက်တွင် မင်းလှမြို့နယ်နှင့်ထိစပ်နေသည်။ တောင်ကုန်းတောင်တန်းများထူထပ်၍ မြစ်ချောင်းများပေါများသည့် မင်းတုန်းမြို့နယ်တွင် ရွှေတောင်၊ ပဲဇဝါတောင်နှင့် မြင်းကုဋ္ဌေတောင်တို့သည်အထင်ရှားဆုံးဖြစ်ကာ မြောက်မှတောင်သို့သွယ်တန်းနေကြသည်။ ၎င်းတို့အနက် ပဲဇဝါတောင်သည် ၅၀၂၂ ပေမြင့်ကာ မင်းတုန်းမြို့နယ်တွင် အမြင့်ဆုံးဖြစ်သည်။

မင်းတုန်းချောင်းသည် မင်းတုန်းမြို့အနီးမှကပ်၍ အနောက်ဘက်မှ အရှေ့ဘက်သို့စီးဆင်းခဲ့ကာ ယခုအခါတွင် နုန်းမြေပို့ချမှုများကြောင့် မြစ်ကြောင်းပြောင်း၍ မင်းတုန်းမြို့မှ အရှေ့ဘက် တစ်မိုင်အကွာသို့ရောက်ရှိနေပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပျမ်းမျှ ၃၈၆ ပေမြင့်သည့် မင်းတုန်းမြို့နယ်တွင် ဗမာနှင့် ချင်းတိုင်းရင်းသားများ အများဆုံးနေထိုင်လျက်ရှိကာ ၂၀၂၀ ပြည့်နှစ်စက်တင်ဘာလကုန်ထိ မင်းတုန်းမြို့နယ်၏ လူဦးရေသည် ၆၃၇၂၂ ဦးဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၈၅ ဒသမ ၂၇ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ၁၄ ဒသမ ၆၂ ရာခိုင်နှုန်းသည် ချင်းတိုင်းရင်းသားများဖြစ်ကြသည်။

လက်ရှိအချိန်တွင် မင်းတုန်းမြို့နယ်အတွင်း၌ ဘုရားစေတီကြီးငယ် ၃၃၂ ဆူရှိသည့်အနက် မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက်တွင်တည်ရှိသည့် ရွှေဂူစေတီ၊ မြဥသျှောင်စေတီနှင့် ဆုတောင်းပြည့်စေတီတို့သည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ မင်းတုန်းမြို့နယ်၌ ဘုန်းကြီးကျောင်း ၁၅၆ ကျောင်းရှိသည့်အနက် မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မှန်ကင်းဘုန်းကြီးကျောင်းသည် အထင်ရှားဆုံးဖြစ်သည်။

**ရာဇဝင်ထဲက မင်းတုန်း**

ခိုင်မာသော သမိုင်းအထောက်အထားများမရှိသော်လည်း မင်းတုန်းနယ်သူ၊ နယ်သားများက ပုဂံဘုရင် သမုဒ္ဒရာဇ်မင်းသည် မင်းတုန်းမြို့ကို ကောဇာသက္ကရာဇ် ၂၅ ခုနှစ်(ခရစ်နှစ် ၁၀၄ ခုနှစ်)တွင် တည်ထောင်ခဲ့သည်ဟု ယုံကြည်ကြသည်။ မြို့တည်မည့်နေရာ၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် အင်းတစ်ခုစီရှိခဲ့သည်။ အရှေ့အင်းမှဖားတစ်ကောင်သည် မြွေလိုက်သဖြင့် အနောက်အင်းဘက်သို့ပြေးခဲ့ပြီး အနောက်အင်းသို့ရောက်သောအခါ ဖားက မြွေကို ပြန်လိုက်ခဲ့သည်ဟုဆိုသည်။ နိုင်သောသတ္တဝါမြွေကို ရှုံးသောသတ္တဝါဖားက ခုခံတွန်းလှန်သည့်နေရာဖြစ်သဖြင့် ဘူမိနက်သန်မှန်ကာ ထိုနေရာတွင်မြို့တည်ပြီး ဘုမ္မာဝတီဟု အမည်ပေးကြောင်း အစဉ်အဆက် ပြောဆိုလက်ခံခဲ့ကြပေသည်။

ပုဂံဘုရင် ကျော်စွာမင်းလက်ထက်တွင် တောကျောင်း(ယခုသရက်မြို့) မှ မင်းရှင်စောသည် မိဖုရားရှင်မြတ်လှက သားယောက်ျားလေးမွေးဖွားခဲ့ရာ နောင်ကြီးပြင်းလာချိန်၌ နန်းလုမည်ကိုစိုးရိမ်သဖြင့် သားငယ်ကိုသတ်ပစ်ရန် အမိန့်ပေးခဲ့သည်။ မင်းသားငယ်သည် သမန္တနဒီချောင်းဖျားရှိ မင်းပုန်းတောင်ရှိရာ ဘုမ္မာဝတီမြို့၌ ပုန်းအောင်းခဲ့သည်။ မင်းသားငယ်ပုန်းခိုခဲ့သည့်နေရာဖြစ်သဖြင့် ဘုမ္မာဝတီမှ မင်းပုန်းသို့အမည်ပြောင်းခဲ့ပြီး နောင်ကာလရှည်ကြာချိန်တွင် မင်းပုန်းမှ မင်းတုန်းဖြစ်လာခဲ့သည်ဟုဆိုကြသော်လည်း ခိုင်မာသောအထောက်အထားများကို မတွေ့ရှိရသေးပါချေ။

အကြောင်းပါခဲ့ရာ ကြောင်ဖြူရွာသည် ယခုမင်းတုန်းမြို့မှ မိုင် ၂၀ ကွာဝေးသည့်နေရာတွင် သမ္ဗူလကျေးရွာအဖြစ် တည်ရှိနေကြောင်း၊ သမ္ဗူလရွာ၏ တောင်ဘက်တွင် ကြောင်ဖြူကန်ရှိကြောင်း၊ ရွာအပြင် အနောက်ဘက်တွင် မထီးကျောင်းနေရာဟောင်းရှိသေးကြောင်း၊ ရာဇကုမာရ်မင်းသားသည် မင်းတုန်းမြို့၌ပင် နေထိုင်ခဲ့ကာ ပုဂံမျှော်စေတီကိုတည်ခဲ့ကြောင်း ရှင်းပြခဲ့ကြသည်။

ပုဂံမျှော်စေတီတည်ခဲ့သည်ဆိုသည့် နေရာသည် မည်သည့် အကြွင်းအကျန်မျှမရှိတော့ဘဲ နေရာအမှတ်အသားတစ်ခုအဖြစ်သာ တည်ရှိနေပေသည်။ ကြောင်ဖြူရွာသည် အနော်ရထာမင်း၏ခမည်းတော် ကွမ်းဆော်မင်း၏ဇာတိဟုလည်း ပြောဆိုကြရာတွင် လက်ရှိ ရှိနေသည့်၎င်းကျေးရွာများသည် မည်သည့်ခေတ်ကာလကတည်းက မည်သည့်အမည်ဖြင့်ရှိခဲ့ကြောင်း ဆန်းစစ်ရန်လိုအပ်နေပေသည်။



မင်းတုန်းမြို့ရှိ မှန်ကင်းရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။

**မင်းတုန်းသုတေသီများ၏ အမြင်သစ်တချို့**

မင်းတုန်းမြို့၏ နောက်ခံသမိုင်းကို မင်းတုန်းသုတေသီတချို့က ရှာဖွေဖော်ထုတ်ကြကာ သံလယ်ကြီးကျောင်းဆရာတော် ဦးကေလာနန္ဒ(စာရေးဆရာ မင်းယုခိုင်၊ မင်းတုန်း)၊ ဦးသိန်းဟန်၊ ဦးတင်လှိုင်(ပန်းတောကျေးရွာ)တို့က စာအုပ်စာတမ်းများ ရေးသားထုတ်ဝေခဲ့ကြသည်။

၎င်းတို့၏အဆိုများအရ သရေခေတ္တရာပျက်ပြီးနောက် ပျူနောက်ဆုံးဘုရင် သုပညာနဂရဆိန္န၏ တူဖြစ်သူ သမုဒ္ဒရာဇ်သည် တောင်ညိုအရပ်၌ သုံးနှစ်နေထိုင်ခဲ့သည်။ တောင်ညိုပျက်စီးပြီးနောက် သမုဒ္ဒရာဇ်မင်းသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ပန်းတောင်းသက်သာအရပ်တွင် မြို့တည်ကာ ခြောက်နှစ်နေထိုင်ခဲ့ပြီးနောက် မင်းတုန်းမြို့နေရာသို့ရွှေ့ကာ မြို့တည်၍ သုံးနှစ်နန်းစံခဲ့သည်ဟုဆိုသည်။ ထို့နောက် သမုဒ္ဒရာဇ်မင်းသည် မင်းတုန်းမှတစ်ဆင့် ဧရာဝတီမြစ်ကိုဆန်တက်၍ ပုဂံဒေသတွင် ရွာကြီး ၁၉ ရွာမှ ရွာသူကြီးများကိုစည်းရုံးပြီး အရိမဒ္ဒနပူရကို တည်ထောင်ခဲ့သည်ဟုဆိုထားရာ ခိုင်မာသည့်အထောက်အထားများပြသရန် လိုအပ်နေပေသည်။

ပုဂံသမိုင်းတွင် အလွန်ထင်ရှားသည့် ရာဇကုမာရ်ဇာတ်လမ်းသည် မင်းတုန်းနှင့် ဆက်စပ်နေကြောင်းဆိုထားရာ ရာဇကုမာရ်အပိုင်စားရသည့် တောင်စဉ်ခုနစ်ခုတွင် တိုင်းတား၊ မင်းတုန်း၊ မင်းတပ်၊ မင်းလှ၊ မြို့သစ်၊ ပန်းတိမ်းနှင့် ငဖဲမြို့တို့ပါဝင်ကြောင်း "ဘုမ္မာဝတီ မည်တွင်ဆိုထုံး မြို့မင်းတုန်း"စာအုပ်တွင် ဖော်ပြထားသည်။

မင်းတုန်းမြို့မှ သုတေသီတချို့က ကျန်စစ်သားသည် အနော်ရထာမင်းအမျက်သင့်သဖြင့် ကြောင်ဖြူအရပ်၌တိမ်းရှောင်ခဲ့စဉ် မထီးတူမ သမ္ဗူလနှင့်

မင်းတုန်းမြို့၏ အနောက်မြောက်ဘက်ရှိ မြေအောက်ဥမင်လိုဏ်ဝင်ပေါက်တစ်ခုကို ဒေသခံများက လိုက်လံပြသခဲ့သည်။ တစ်ချိန်က ၎င်းလိုဏ်ခေါင်းအတွင်းသို့ ဖယောင်းတိုင်ထွန်းကာ ဝင်သွားဖူးသူများရှိကြောင်းပြောဆိုကြသော်လည်း လက်ရှိအချိန်တွင် လူတစ်ထိုင်စာသာမြင့်သည့် လိုဏ်ခေါင်းမုခ်တစ်ခုအဖြစ်သာမြင်တွေ့ရပြီး အတွင်းသို့ဝင်နိုင်ခြင်းမရှိဘဲ မြေသားများဖြင့် ပိတ်နေပြီဖြစ်သည်။

**သိမ်ငါးသိမ်**

မင်းတုန်းမြို့ကိုတည်ထောင်စဉ်က သိမ်လေးသိမ်ကို တည်ဆောက်ခဲ့ကြောင်း အဆိုရှိခဲ့သည်။ အဆိုပါသိမ်များသည် မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မှန်ကင်းဘုန်းကြီးကျောင်းဝင်းအတွင်းရှိ မဟာမုနိသိမ်တော်၊ မင်းတုန်းမြို့ အစိုးရအထက်တန်းကျောင်း၏ တောင်ဘက်ရှိ သိမ်ကုန်းခေါ် စူဠာဘယကုန်းပေါ်ရှိ စူဠာနာဂသိမ်တော်၊ မင်းတုန်းမြို့၏အနောက်ဘက် မင်းတုန်းချောင်း၏တစ်ဖက်ကမ်း မင်္ဂလာဦးရွာအရှေ့တောင်ဘက်ရှိ မဟာမေဂသိမ်တော်နှင့် မင်းတုန်းမြို့၏ မြောက်ဘက် ပွဲသာရွာ (ယခု အမှတ်(၁)ရပ်ကွက်) သို့သွားသည့်လမ်း၏အနောက်ဘက်ရှိ မဟာသမယသိမ်တော်တို့ ဖြစ်သည်။ အဆိုပါသိမ်လေးသိမ်အနက် ပြန်လည်ပြုပြင်တည်ဆောက်ထားသည့် မဟာမုနိသိမ်တော်သာကျန်ရှိနေပြီး ကျန်သိမ်များမှာ ပျက်စီးခဲ့ပြီဖြစ်သည်။

ခရစ်နှစ် ၁၇၈၂ ခုနှစ် ဗဒုံမင်းလက်ထက်တွင် မင်းတုန်းမြို့ကို မြို့ဝန်နေမျိုးသီဟသင်္ခနှင့် မြို့သူကြီးမောင်ဝတို့က အုပ်ချုပ်ခဲ့သည်။ ထိုအချိန်တွင် ယခုပေပင်ကျောင်းအနောက်ဘက်တွင် မဟာမေဂဝန်သိမ်ကိုတည်ဆောက်ခဲ့သဖြင့် မင်းတုန်းမြို့တွင် သိမ်ငါးသိမ်ရှိခဲ့သည်။ မဟာမေဂဝန်သိမ်မတိုင်မီက တည်ဆောက်ခဲ့သည့်သိမ်လေးလုံးမှာမူ မည်သူ့လက်ထက်တွင် မည်သည့်သက္ကရာဇ်က တည်ဆောက်ခဲ့ကြောင်း အထောက်အထားများကို မတွေ့ရှိရသေးချေ။

**ရှေးဟောင်းဘုန်းကြီးကျောင်းများ**

တိုက်ကြီးမြို့မှ ရှေးဟောင်းသုတေသီ ဦးမြင့်သိန်းစိုးနှင့်အတူ မင်းတုန်းမြို့သို့ လေ့လာရေးခရီးရောက်ခဲ့ရာ ပန်းတောင်းမြို့နယ်မှ သံလယ်ကြီးကျောင်းဆရာတော် ဦးကေလာနန္ဒနှင့် မင်းတုန်းမြို့မှဒေသခံများဖြစ်သည့် ဦးကျော်သောင်းနှင့် ဦးတက်တိုးတို့က သမိုင်းဝင်နေရာများသို့ လိုက်ပါပို့ဆောင်ရှင်းပြပေးခဲ့သည်။

ဆရာတော် အရှင်ကေလာနန္ဒသည် မင်းတုန်းမြို့သမိုင်းကိုဖော်ထုတ်နေသည့် စာရေးဆရာ မင်းယုခိုင်(မင်းတုန်း)ဖြစ်ကာ သရေခေတ္တရာနှင့် ပုဂံကွင်းဆက်ကြားတွင် မင်းတုန်းမြို့ပါဝင်နေမှုကို သုတေသနပြုနေသူဖြစ်သဖြင့် ဆရာတော်ထံမှ ဗဟုသုတများစွာကို သိရှိခဲ့ရပေသည်။

လက်ရှိ မင်းတုန်းမြို့နယ်ရှိ ဘုန်းကြီးကျောင်းများအနက် မှန်ကင်းကျောင်းနှင့် ပေပင်ကျောင်းတို့သည် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများဖြစ်ကြသည်။ မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မှန်ကင်းကျောင်းသည် ကုန်းဘောင်ခေတ်လက်ရာ နှစ်ထပ်သစ်သားကျောင်းဖြစ်၍ ပြန်လည်ပြင်ဆင်ထားမှုများကြောင့် မူလလက်ရာများပျက်ယွင်းနေပြီဖြစ်သည်။ ကျောင်းအပေါ် ဘုရားခန်းနဖူးစည်းတွင် နိပါတ်တော်ပန်းချီ ကျော်ဦးချစ်မြ၏ ပန်းချီကားသုံးချပ်ကို တွေ့ရှိရသည်။

မှန်ကင်းကျောင်းဝင်းအတွင်း၌ ဘုရားပြိုကုန်းကြီးတစ်ခုနှင့် စေတီကုန်းများကိုတွေ့ရှိရပြီး အုတ်ကုန်းများတွင် မြင်တွေ့ရသည့်အုတ်များသည် ကုန်းဘောင်ခေတ်တွင်သုံးခဲ့သည့်အုတ်များဟုယူဆရသည်။ လေးမျက်နှာမုခ်ပေါက်ရာများတွေ့ရှိသည့် အုတ်ကုန်းကြီးသည် အပေါ်ပိုင်းတွင် မည်သည့်အဆောက်အအုံမျှမရှိတော့ဘဲ အုတ်ပုံတစ်ခုအဖြစ်သာ ကျန်ရှိနေသည်။ အုတ်ကုန်း၏တောင်ဘက်မျက်နှာတွင် ကြီးမားသော အုတ်နံရံကြီးက ထင်ရှားစွာကျန်ရှိနေသည်။

အဆိုပါအုတ်ကုန်းများရှိ မုခ်ပေါက်တစ်ခုတွင် ရတနာပုံခေတ်လက်ရာ သစ်သားဆင်းတုတော်တစ်ဆူကို မြေသားများဖုံးလျက်တွေ့ရှိခဲ့ရသဖြင့် မြို့ခံများက လုံခြုံကောင်းမွန်သော နေရာတစ်ခုသို့ပြောင်းရွှေ့ထားရန်စီစဉ်ခဲ့ကြသည်။ စံကင်းကျောင်းဝင်းအတွင်း၌ပင် မှန်ကင်းဆရာတော်၏ အရိုးကျောင်းဟု အမည်တပ်ထားသည့် သိမ်ဟောင်းတစ်ခုကိုတွေ့ရှိရသည်။ ၎င်းနေရာတွင် တစ်ချိန်က ပျံလွန်တော်မူခဲ့သော ရဟန်းသံဃာများ၏အရိုးများကို ထားရှိခဲ့သည်ဟုဆိုကြသည်။

ပေပင်ကျောင်းသည်လည်း ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းသစ်သားကျောင်းဖြစ်ကာ ကျွန်းတိုင်လုံး ၁၂၀ ဖြင့်တည်ဆောက်ထားသည့် နှစ်ထပ်အဆောက်အအုံဖြစ်သည်။ မူလလှေကားများကို အုတ်လှေကားများဖြင့် အစားထိုးပြုပြင်ထားကာ ကျောင်း၏မူလကျွန်းတိုင် ၁၂၀ ကို အုတ်ဖိနပ်များခံကာ ထိန်းသိမ်းထားသည်။ ကျောင်းတိုက်အောက်ထပ်ရှိ ကျွန်းတိုင်များကြားတွင် ကျွန်းတိုင်များကို အုတ်ဖိနပ်ဖြင့် အစားထိုးရန်တူးခဲ့စဉ်က ထွက်ရှိခဲ့သည့် ကျွန်းတိုင်အတိုများကို ထိန်းသိမ်းထားသည်။

ပေပင်ကျောင်းအပေါ်ထပ် ဝဲယာနှစ်ဖက်တွင် လူတစ်ရပ်ခန့်မြင့်သည့် မှန်ဗီရိုတစ်လုံးစီရှိပြီး ဗီရိုကိုဖွင့်၍ အကန့်များကိုဖြုတ်လိုက်လျှင် ကျက်သရေခန်းဟုခေါ်သည့် ဘုန်းတော်ကြီးကျောင်းသုံးပစ္စည်းများထားရှိသောအခန်းသို့ဝင်သည့် ဝင်ပေါက်အဖြစ် အသုံးပြုနိုင်ရန် ထူးခြားစွာစီမံထားသည်။ ထိုအခန်း၌ ဘုန်းကြီးကျောင်းသုံးရှေးပစ္စည်းများကို လုံခြုံစွာထိန်းသိမ်းထားပေသည်။ ပေပင်ကျောင်း၏မျက်နှာတွင် ကျောင်းမကြီးနှင့်တွဲလျက်တည်ရှိနေသည့် သစ်သားနှစ်ထပ်အဆောက်အအုံတစ်ခုကိုမြင်တွေ့ကြရပြီး ၎င်းဥပစာဆောင်သည် ကျောင်းတိုက်စတင်တည်ဆောက်စဉ်ကတည်းကတည်ရှိခဲ့ပြီး ယနေ့တိုင်မပြုပြင်ဘဲထားရှိကာ ပေါက်ပြဲနေသည့်သစ်သားနံရံများကို သွပ်ဟောင်းများဖြင့် ယာယီကာရံထားကြောင်း မြင်တွေ့ရပေသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ဟသ်ာတမြို့နယ်တွင် ဒေသထွက်ပဲတီစိမ်းများ ဈေးကောင်းရရှိနေ



**ဟသ်ာတ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက်ပဲတီစိမ်းများဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ပြီးခဲ့သည့်မတ်လနှင့် ဧပြီလက ပဲတီစိမ်း (ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၅၀၀၊ ပဲတီစိမ်း (အညာရွှေဝါ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၂၅၀၀ သာ ရှိခဲ့ပြီး ယခုအခါ ပဲတီစိမ်း(ခရမ်းရွှေဝါ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေ ၂၂၃၅၀၀၊ ပဲတီစိမ်း(အညာရွှေဝါ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိ ဧရာဝတီတိုင်းဒေသကြီးက ထွက်တဲ့ပဲတီစိမ်းတွေ အရင်လတွေကထက် အဝယ်လိုက်နေပါတယ်။ ပြည်တွင်းအဝယ်လိုက်လာတဲ့အပြင် ဈေးကောင်းလဲ ရရှိနေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကနေထွက်တဲ့ ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပဲတီစိမ်းတွေ ဈေးကောင်းလာတော့ တောင်သူတွေအဆင်ပြေလာပါတယ်။ ဒါ့ပြင် လယ်ယာထွက်ကုန်ရောင်းဝယ်တဲ့ လုပ်ငန်းလုပ်ကိုင်သူတွေလဲ အဆင်ပြေလာပါတယ်။ အခုလို ပဲတီစိမ်းတွေအဝယ်လိုက်ပြီး ဈေးကောင်းလာတာကလဲ ပြည်ပဈေးကွက်ဝယ်လိုအားကောင်းလာတာကြောင့်ပါ။ ပြီးတော့ ပြည်ပကို ပဲတီစိမ်းတွေတင်ပို့နေတဲ့ ကုမ္ပဏီတွေလဲ ပြန်လည်လည်ပတ်လုပ်ကိုင်နေတာကြောင့်ဖြစ်ပါတယ်"ဟု ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှထွက်ရှိသည့် ပဲတီစိမ်းများကို သုံးတင်းဝင်အိတ်များဖြင့်ထည့်ပြီး ရန်ကုန်မြို့သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တစ်ရက်လျှင် တစ်ကြိမ်၊ ငါးရက်လျှင်တစ်ကြိမ်စနစ်ဖြင့် တင်ပို့ရောင်းချ ပေးလျက်ရှိကြောင်း၊ အဆိုပါပဲတီစိမ်းများကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

**မင်းတုန်းသမိုင်းထဲက စေတီသုံးဆူ**

မင်းတုန်းမြို့တည်နန်းတည် သမိုင်းမှတ်တမ်းတွင် မင်းတုန်းမြို့၏ ထင်ရှားသောစေတီ ၂၃ ဆူကို ဖော်ပြထားသော်လည်း မင်းတုန်းမြို့လယ် အမှတ်(၂)ရပ်ကွက်တွင် မနီးမဝေးတည်ရှိနေကြသည့် ရွှေဂူစေတီ၊ မြဉသျှောင်စေတီနှင့် ဆုတောင်းပြည့်စေတီတို့သည်သာ ထင်ရှားကြသည်။ သို့တိုင်အောင် ၎င်းစေတီများသည်ပင် မူလလက်ရာများပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ ထိုစေတီသုံးဆူ ဘုရားပွဲကို ယနေ့တိုင် မင်းတုန်းမြို့၌ နှစ်စဉ်တပို့တွဲလဆန်းတွင် ကျင်းပလေ့ရှိသည်။

ခေတ်လက်ရာဖြင့်ပြုပြင်ထားသည့် မြဉသျှောင်စေတီတော်ကို မြန်မာသက္ကရာဇ် ၁၁၉၄ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် (ခရစ်နှစ် ၁၈၃၃ ခုနှစ် ဧပြီ ၃ ရက်) ဗုဒ္ဓဟူးနေ့တွင် မင်းတုန်းမြို့ဝန် နေမျိုးမဟာကျော်ခေါင်က မင်းတုန်းမြို့၏အရှေ့ဘက်တွင် တည်ထားခဲ့ကြောင်း ဘုရားကျောက်စာတွင် ရေးထိုးထားသည်။

မူလမြဉသျှောင်စေတီတော်သည် ဖိနပ်တော် ၃၂ တောင်ပတ်လည်၊ မြေဝင်လေးတောင်၊ မြေပေါ် ၄၄ တောင်၊ ထီးဝသုံးတောင်၊ ထီးအမြင့်ကိုးတောင်ရှိသည်။ ဘုရားရှင်၏ ရုပကာယကိုယ်တော်ပွားနှင့် သရီရဓာတ်တော်မွေတော်များကို စေတီတော်တွင်ဌာပနာ၍ ပထမပစ္စယာမှ ချရားသီးထိ ရွှေအပြည့်ချကာ မြဉသျှောင်ဘုရားဟု ဘွဲ့မည်ပေးခဲ့သည်။

မြဉသျှောင်စေတီရင်ပြင်ပေါ်တွင် အရှေ့အနောက် ၃၂ တောင်၊ တောင်မြောက် ၂၅ တောင်ရှိသည့် အုတ်ဇရပ်ကို တည်ဆောက်ခဲ့ကာ ဇရပ်ပတ်လည်တွင် မုခ်ပေါင်းကူးလေးခုပြုလုပ်ခဲ့သည်။ စေတီတော်၏ မဟာရံအုတ်တံတိုင်းတွင်စီထားသည့် အုတ်များသည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် အရွယ်အစားမတူညီကြသဖြင့် တံတိုင်းကိုတစ်ကြိမ်တည်း တည်ဆောက်ခဲ့ခြင်းမဟုတ်ကြောင်း သုံးသပ်နိုင်ပေသည်။

ဆုတောင်းပြည့်စေတီကို သမုဒ္ဒရာဇ်မင်းလက်ထက်တွင် စန္ဒဂုတ်အမတ်ကြီးက တည်ခဲ့သည်ဟုသာအဆိုရှိ၍ အထောက်အထားမခိုင်မာသကဲ့သို့ မူလလက်ရာများလည်းမရှိတော့ချေ။ ရွှေဂူစေတီကို ကုန်းဘောင်ခေတ်၊ ဗဒုံမင်းလက်ထက် ၁၇၈၂ ခုနှစ်တွင် မြို့ဝန်နေမျိုးသီဟသင်္ခကတည်ခဲ့သည်ဟုဆိုကြသော်လည်း မှတ်တမ်းအထောက်အထား မတွေ့ရှိရသေးချေ။

မင်းတုန်းမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောမြို့နယ်တစ်ခုဖြစ်သည်။ မင်းတုန်းမြို့နယ်တွင် သမိုင်းဝင်အဆောက်အအုံများမရှိသော်လည်း မင်းတုန်းမင်း မင်းသားဘဝက စားခဲ့ရသည့်မြို့အဖြစ်ထင်ရှားခဲ့ကာ ကုန်းဘောင်ခေတ် အမွေအနှစ်တချို့ ကျန်ရှိနေခဲ့သည်။

မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ မင်္ဂလာကန်မှ ပျူခေတ်လက်ရာရွှေနားတောင်းတစ်စုံကိုရရှိခဲ့သကဲ့သို့ မြို့နယ်အတွင်းမှ ကျောက်လက်နက်များ၊ ပျူဒင်္ဂါးတချို့၊ ပုတီးစေ့၊ မြေဆေးတံ၊ ကြေးဆေးတံ၊ မြေထည်နှင့် ကြေးထည်ပစ္စည်းများ အစရှိသည့် ရှေးဟောင်းပစ္စည်းများကို ရရှိခဲ့သဖြင့် ၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်သို့ အပ်နှံခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)**
- **မင်းတုန်းမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**
- **ဘုမ္မဝတီမည်တွင်ဆိုထုံးမြို့မင်းတုန်း(ဦးတင်လှိုင်၊ ပန်းတောကျေးရွာ)**
- **ဘုမ္မဝတီမင်းတုန်းမြို့တည်နန်းတည်သမိုင်း(ဦးသိန်းဟန်)**

# ကမ္ဘာမြေ သာယာလှပစေရအောင်

\- ကမ္ဘာမြေ တစ်နေ့တခြား
ဆန်းပြားမှုတွေနဲ့ ကြုံဆုံလာ၊
တိုးတက်ပုံ အံ့မခန်း
စွမ်းလွန်းနိုင်စွာ၊
ပြောင်းလဲမှုတို့ နောက်ကွယ်မှာ
ခါးသီးရာတွေ တနင့်တပိုး၊
ဆိုးကျိုးတွေသာ
တိုး တိုးမွှေကာ လမ်းကြောင်းဖျက်
နောက်ဆက်တွဲပျိုး။

\- ဥတုရာသီ ကြုံလာမနှေး
သဘာဝဘေးနဲ့ ခေါင်းထောင်ပြန်၊
စိန်ခေါ်လာ တုံ့ပြန်မှုတွေကြောင့်
အန်တု ကျားကန်၊
လူသားတို့ အတ္တမာန်
ဆက်စပ်ရံ ဖြစ်စဉ်များ၊
ဖောက်ပြန်ခြင်းတွေ
နောက်လှန်ရင်းလေ နွမ်းညှိုးသွေ့
လက်တွေ့ခံစား။

\- ကမ္ဘာမြေ အနာဂတ်ရေးအတွက်
ချင့်မျှော်တွေး ရှုသင့်ပြီ၊
လူသားတို့ စွမ်းပကားကြောင့်
ဆန်းပြားစုံညီ၊
ဆန်းကြယ်မှု အလီလီ
လိုက်မမီနိုင် ခေတ်လမ်းကြောင်း၊
ထုတ်လုပ်ရင်းလေ
ဆုတ်ယုတ်ခြင်းတွေ နစ်ကျွံညစ်လို့
သွင်သစ်တွေပြောင်း။

\- အတ္တလွန် အကျိုးဆက်ကြောင့်
ပျက်ယွင်းမှု ဖြစ်စဉ်တွေ၊
ကမ္ဘာမြေပေါ် အကျိုးသက်ရောက်လို့
ဖောက်ပြန်ပြီလေ၊
စိမ်းလန်းတဲ့ တောတောင်ရေမြေ
ဆုတ်ယုတ်အခြေ ရင်ဝယ်မအေး၊
ပူနွေးမှုနဲ့ ကမ္ဘာမြေ
ဘေးရန်မွေ သဘာဝဘေး
တွေးရှုပွားကြပါ
အလေးဂရုထားမှသာ
ဘေးဘျမ်းကွာ စိမ်းလန်းနိုင်မည်မို့
အနာဂတ်ရေး အေးချမ်းရစေဖို့
အသိကိုယ်စီ ညီညာဖြဖြနဲ့
"စွန့်ပစ်ပစ္စည်းတွေ လျှော့ချနိုင်စေရေး"
"တောတောင်ဝန်းကျင် စိမ်းမြနိုင်စေရေး"
ကမ္ဘာမြေ သာယာလှပစေရအောင်
ကာကြ ကွယ်ကြ ဖြည့်စွမ်းကြပါစို့
ဝိုင်းကြမနှေး။ ။

(သဘာဝဘေးအန္တရာယ်အပေါင်းကင်းဝေးစေရေးသို့)

**မင်းသွေးနွယ်(ဇီးကုန်း)**

# နိုင်ငံတကာ သတင်းများ

# အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် အီရန်ခေါင်းဆောင်များ အထူးကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး



**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနှင့် အီရန်ခေါင်းဆောင်များသည် ယနေ့တွင် အထူးကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အထူးကုန်သွယ်ရေး သဘောတူညီချက်ကို ဂျကာတာမြို့သို့ရောက်ရှိနေသော အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီနှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါကုန်သွယ်ရေးသဘောတူညီချက်သည် အင်ဒိုနီးရှားနှင့် အီရန်တို့ကြား နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်ပေးနိုင်မည်ဟု မိမိ မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတရိုင်စီ၏ ဂျကာတာခရီးစဉ်အတွင်း အင်ဒိုနီးရှားနှင့် အီရန်တို့သည် နှစ်နိုင်ငံကြား စီးပွားရေးအရ ဆက်ဆံမှုများကို တိုးချဲ့ရန် သဘောတူခဲ့ကြသည်။

အနောက်အုပ်စု နိုင်ငံများနှင့် အီရန်တို့ကြား ဆက်ဆံရေးအခြေအနေတင်းမာနေချိန်တွင် အီရန်သမ္မတ ရိုင်စီက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအပေါ် အမေရိကန်အစိုးရက ချမှတ်ထားသည့် အရေးယူ ပိတ်ဆို့မှုစည်းမျဉ်းများကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် အီရန်တို့ကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၁၉ ခုနှစ် နောက်ပိုင်း ကျဆင်းခဲ့ရကြောင်း သိရသည်။ KKO

# ဩစတြေးလျရောက် အိန္ဒိယနွယ်ဖွားများ ဝန်ကြီးချုပ် မိုဒီကို ကြိုဆိုနှုတ်ဆက်

**ဆစ်ဒနီ မေ ၂၃**

ဆစ်ဒနီမြို့၏ အကြီးမားဆုံး အားကစားကွင်းတစ်ခု၌ ဩစတြေးလျရောက် အိန္ဒိယလူမျိုးရာပေါင်းများစွာတို့က အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကို ယနေ့တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဩစတြေးလျနိုင်ငံသို့ရောက်ရှိနေပြီး ဆစ်ဒနီအိုလံပစ်ဥယျာဉ်အတွင်း တည်ရှိသော ပရိသတ် ၂၁၀၀၀ ဆံ့ ကူးဒေါ့စ်ဘန့်ခ်အားကစားရုံ၌ ပြုလုပ်ခဲ့သည့် ပြည်ပရောက် အိန္ဒိယနွယ်ဖွားများနှင့်တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်မိုဒီကို အိန္ဒိယလူမျိုးရာပေါင်းများစွာတို့က ကြိုဆိုခဲ့ကြသည်။

ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန် လေးစားနားလည်မှုတို့ကို အခြေခံထားသောဆက်ဆံရေးဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ဩစတြေးလျရောက် အိန္ဒိယနွယ်ဖွားများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် လာမည့်နှစ် အမျိုးသားရွေးကောက်ပွဲမတိုင်မီ ပြည်တွင်း၌ရရှိထားသော လူထုထောက်ခံမှုနှုန်းကို မြှင့်တင်ရေးအတွက် ပြည်ပရောက်အိန္ဒိယနွယ်ဖွားများကြား ၎င်းအပေါ် လူကြိုက်များမှုကို အသုံးပြုရန် ကြိုးစားလျက်ရှိသည်။

ဝန်ကြီးချုပ် မိုဒီ၏ လက်ရှိအာဏာရ ဘာရာတီယာဂျနေတာပါတီသည် အိန္ဒိယတောင်ပိုင်း အဓိကပြည်နယ်တစ်ခု၏ လွှတ်တော်ရွေးကောက်ပွဲ၌ အဓိကအတိုက်အခံ ကွန်ဂရက်ပါတီကို ရှုံးနိမ့်ထားကြောင်း သိရသည်။

KKO

# ထိုင်းနိုင်ငံ၌ စာသင်ကျောင်းခန်းမ ခေါင်မိုးပြိုကျ ကလေးလေးဦးအပါအဝင် စုစုပေါင်း ခုနစ်ဦး သေဆုံး

**ဗန်ကောက် မေ ၂၃**

ထိုင်းနိုင်ငံမြောက်ပိုင်း ဖီချစ်ပြည်နယ် စာသင်ကျောင်းခန်းမတစ်ခု၌ မေ ၂၂ ရက်က မိုးသက်လေပြင်းကျရောက်စဉ် ခေါင်မိုးပြိုကျခဲ့ရာ ကလေးလေးဦးအပါအဝင် စုစုပေါင်း ခုနစ်ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



ကျောင်းခန်းမခေါင်မိုး ပြိုကျမှုကြောင့် လူပေါင်း ခုနစ်ဦးသေဆုံးမှုသည် ဝပ်နန်းပေါ် အမည်ရှိ အခြေခံပညာကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုးသက်လေပြင်းကြောင့် အဆိုပါ ကျောင်းခန်းမအတွင်း ကျောင်းသားများဝင်ခိုနေစဉ် ကျောင်းခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဖီချစ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျောင်းခန်းမခေါင်မိုးပြိုကျမှုကြောင့် ကျောင်းသားငယ် လေးဦး၊ မိဘနှစ်ဦးနှင့် ကျောင်းသန့်ရှင်းရေးဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ကျောင်းခန်းမခေါင်မိုး ပြိုကျမှုအတွင်း ဒဏ်ရာရရှိသူ ၁၈ ဦးရှိခဲ့ရာ ဆေးရုံသို့တင်ပို့ပေးထားရကြောင်း ဖီချစ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံမြောက်ပိုင်း၌ မိုးကောင်းနိုင်ကြောင်း ထိုင်းမိုးလေဝသအေဂျင်စီက ကြေညာထားသည်။

မေ ၂၂ ရက်သည် ထိုင်းနိုင်ငံ၏ မိုးရာသီကာလတရားဝင်စတင်သည့်နေ့ဖြစ်ကြောင်း သိရသည်။ KKO

# အိမ်ဖြူတော်လုံခြုံရေးစည်းရိုးများကို အမျိုးသားတစ်ဦး ကားဖြင့်ဝင်တိုက်

**ဝါရှင်တန် မေ ၂၃**

ဝါရှင်တန်မြို့ အိမ်ဖြူတော်အနီးရှိ လုံခြုံရေးစည်းရိုးများကို မေ ၂၂ ရက်ညပိုင်းက အမျိုးသားတစ်ဦးက မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိမ်ဖြူတော်လုံခြုံရေးစည်းရိုးများအား ကားဖြင့်ဝင်တိုက်ခဲ့သော အမည်မသိ အမျိုးသားတစ်ဦးကို အမေရိကန်အစိုးရသမ္မတလုံခြုံရေးအဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသားသည် ငှားရမ်းထားသည့် ကုန်တင်ယာဉ်တစ်စီးဖြင့် အိမ်ဖြူတော်အနီး လာဖေးယက်ရင်ပြင်ရှိ လုံခြုံရေးစည်းရိုးများကို ရည်ရွယ်ချက်ရှိရှိ ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတလုံခြုံရေးအဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိမ်ဖြူတော်လုံခြုံရေးစည်းရိုးများ မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခံရမှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော်စည်းရိုးကို ဝင်တိုက်ခဲ့သည့် ကုန်တင်ယာဉ်အနီးတွင် ဂျာမနီ နာဇီစကြာတံဆိပ်ပါအလံတစ်လက်ကိုလည်း သမ္မတလုံခြုံရေးအထူးအဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

အိမ်ဖြူတော်လုံခြုံရေးစည်းရိုးများကားဖြင့် ဝင်တိုက်ခံရချိန်တွင် အိမ်ဖြူတော်၌ သမ္မတ ဂျိုးဘိုင်ဒင် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။ KKO




# ယခုနှစ်အတွင်းကျင်းပမည့် ကွန်ဂိုရွေးကောက်ပွဲ၌ ပါဝင်ဆန္ဒမဲပေးခွင့်ရှိသူ ၄၃ သန်းကျော်ရှိ

**ကင်ရှာဆာ မေ ၂၃**

ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့်ရှိသူ ၄၃ ဒသမ ၉ သန်းထိရှိကြောင်း ရိုက်တာသတင်းဌာနက မေ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရေအတွက်မှာ ပြီးခဲ့သည့်ရွေးကောက်ပွဲကထက် ပိုများလာခဲ့ပြီး ၄၃ ဒသမ ၉ သန်းထိရှိခဲ့ကြောင်း ကွန်ဂိုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။

၂၀၁၈ ခုနှစ် ကွန်ဂိုအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၄၀ ဒသမ ၄ သန်းရှိခဲ့ကြောင်း ကွန်ဂိုရွေးကောက်ပွဲကော်မရှင်၏အဆိုအရ သိရသည်။

လာမည့် ဒီဇင်ဘာ ၂၀ ရက်တွင်ကျင်းပမည့် ကွန်ဂိုအထွေထွေရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဖီလစ်တီရှီဆီကီဒီက သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ထပ်မံယှဉ်ပြိုင်ဖွယ်ရှိသည်။

လက်ရှိအချိန်တွင် ကွန်ဂိုနိုင်ငံ၌ နိုင်ငံရေးတင်းမာမှုများပေါ်ပေါက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဆန္ဒပြသမားများကြား ပဋိပက္ခများဖြစ်ပွားလျက်ရှိသည်။

ရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းစဉ်၌ မရိုးသားမှုများရှိနေဟု ဆန္ဒပြသမားများကစွပ်စွဲထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space- X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသလူသယ်ယာဉ် မေ ၂၂ ရက်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့




**ဝါရှင်တန် မေ ၂၃**

ပုဂ္ဂလိကအာကာသခရီးသည်လေးဦးလိုက်ပါသွားသောSpace-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသလူသယ်ယာဉ်သည် မေ ၂၂ ရက်က နိုင်ငံတကာအာကာသစခန်းနှင့်အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ဒရာဂွန် အာကာသလူသယ်ယာဉ်ကို AX-2 အမည်ရှိ မစ်ရှင်အရ မေ ၂၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသလူသယ်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ၁၇ နာရီကြာပျံသန်းခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်ပေါ်တွင် နာဆာအာကာသယာဉ်မှူးဟောင်း ပဂ္ဂီဝစ်ဆင်နှင့် အာကာသခရီးသည် သုံးဦးတို့ လိုက်ပါသွားကြသည်။

၎င်းအာကာသခရီးသည်လေးဦးတို့သည် နိုင်ငံတကာအာကာသစခန်း၌ ရှစ်ရက်ကြာနေထိုင်၍ သိပ္ပံသုတေသနလုပ်ငန်းများ၌ ပါဝင်ကြမည်ဖြစ်သည်။

မစ်ရှင်ပြီးဆုံးချိန်တွင် ဒရာဂွန်အာကာသလူသယ်ယာဉ်သည် အာကာသခရီးသည်များကို ပြန်လည်ခေါ်ဆောင်၍ ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်၌ ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။ KKO

## Space-X ကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်၏ ထိပ်ပူးအဆင့်ဒုံးယာဉ်ရွှေ့ပြောင်းပုံစံကို လွှတ်စင်ဆီသို့ ပို့ဆောင်ထား

**ဝါရှင်တန် မေ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်၏ ထိပ်ဖူးအဆင့် ဒုံးယာဉ် ရွှေ့ပြောင်းပုံစံကို လွှတ်စင်ဆီသို့ ပို့ဆောင်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Ship 25 ဟူ၍ အမည်ပေးထားသည့် Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်ကို Space-X ကုမ္ပဏီက မေ ၁၈ ရက်တွင် ပစ်စင်ဆီသို့ ရွှေ့ပြောင်းထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်၌ Space-X ကုမ္ပဏီသည် Ship 25 ၏ ရက်ပ်တာအမျိုးအစား ဒုံးကျည်စနစ် ခြောက်လုံးကို စမ်းနှိုးမည်ဖြစ်သည်။



Space-X ၏ Starship အာကာသ ဒုံးပျံယာဉ်စနစ်တွင် ကိုယ်ထည်အလျား မီတာ ၅၀ ရှိသည့် စူပါဟဲဗီးဒုံးပျံနှင့် Starship အမည်ရှိ ထိပ်ဖူးအဆင့်ဒုံးယာဉ်တို့ဖြင့် ဖွဲ့စည်းထားသည်။

လကမ္ဘာနှင့် အင်္ဂါဂြိုဟ်ဆီသို့ လူသားများ ပို့ဆောင်ရေးအတွက် Starship အာကာသဒုံးပျံယာဉ်စနစ်ကို Space-X ကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်စနစ်ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ရန် ဧပြီ ၂၀ ရက်တွင် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဘဲ ဒုံးပျံပေါက်ကွဲပျက်စီးခဲ့ရကြောင်း သိရသည်။

KKO

## ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို စပိန်နိုင်ငံ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**မက်ဒရစ် မေ ၂၃**

ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းများကို စပိန်နိုင်ငံ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ABC News သတင်းဝက်ဘ်ဆိုက်က မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

စပိန်နိုင်ငံ ကတ်စတယ်လွန်ပြည်နယ်၌ တူးဖော်တွေ့ရှိထားရသည့် အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Protathlitis Cinctorrensis ဟူ၍ စပိန်သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၂၆ သန်းနှင့် ၁၂၇ သန်းကြား ရှင်သန်ကျက်စားခဲ့ကြသော P.Cinctorrensis များသည် စပီနိုဆောရပ်စ် (Spinosaurus) ခေါ် အသားစား ဒိုင်နိုဆောမျိုးရင်းဝင် မျိုးစိတ်သစ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

P.Cinctorrensis ဒိုင်နိုဆောများသည် ကိုယ်ထည်အလျား ၃၃ ပေ၊ ၃၆ ပေကြားရှိတတ်ပြီး ကိုယ်အလေးချိန် နှစ်တန်ထိရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

စပိန်သိပ္ပံပညာရှင်များ၏အဆိုအရ P. Cinctorrensis ဒိုင်နိုဆောများသည် ယနေ့ခေတ်မြေထဲပင်လယ်လည်း ပါဝင်ခဲ့ဖူးသော တီးသေးစ်အမည်ရှိ ခရီတေးစီးယပ်စ် ဘူမိခေတ်သမုဒ္ဒရာအတွင်း ကျက်စားခဲ့ကြကြောင်း သိရသည်။

ခရီတေးစီးယပ်စ် ဘူမိခေတ်အတွင်း စပီနိုဆောရပ်စ်မျိုးရင်းဝင် ဒိုင်နိုဆောမျိုးစိတ်များသည် ဥရောပ၊ အာဖရိက၊ အာရှနှင့် တောင်အမေရိကဒေသများတွင်လည်း ကျက်စားခဲ့ကြကြောင်း သိရသည်။ KKO

# HEALTH

## အူမကြီးရောင်ရမ်းမှုရောဂါ ကုသရာတွင် Rinvoq ဆေးသစ်တစ်မျိုး အသုံးပြုခွင့်ပေး

**နယူးယောက် မေ ၂၃**

Crohn's Disease ခေါ်အူမကြီးရောင်ရမ်းမှုရောဂါတစ်မျိုးကို ကုသရာတွင် Rinvoq (Upadacitinib) ခေါ် ဆေးသစ်တစ်မျိုး အသုံးပြုခွင့်ပေးရန် အမေရိကန် အမျိုးသားအစားအစာနှင့်ဆေးဝါး လုံခြုံရေးအေဂျင်စီ (FDA) က သဘောတူ လက်ခံလိုက်ပြီဖြစ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Rinvoq ဆေးသည် ရောဂါလက္ခဏာအထိုက်အလျောက်ပြင်းထန်သော သို့မဟုတ် အလွန်ပြင်းထန်သော Crohn's Disease လူနာများအတွက် ရည်ရွယ်၍ ထုတ်လုပ်ထားသော ဆေးဖြစ်သည်။

Rinvoq သည် TNF Blockers ခေါ် ဆေးအမျိုးအစားများကို တုံ့ပြန်ခြင်းမရှိသည့် Crohn's Disease လူနာများအတွက်ပထမဆုံးသောက်ဆေးလည်းဖြစ်သည်။

လူနာပေါင်း ၈၅၇ ဦး ပါဝင်သော လက်တွေ့စမ်းသပ်ကုသမှုနှစ်ခုမှ ထွက်ပေါ်လာသော ရလဒ်များကို အခြေခံ၍ Rinvoq ဆေးကို Crohn's Disease လူနာများအတွက် အသုံးပြုခွင့်ပေးရန် FDA က သဘောတူခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Rinvoq ဆေးဖြင့် ကုသမှုခံယူခဲ့သော Crohn's Disease လူနာများ၏ ရောဂါအခြေအနေမှာ သက်သာလာကြောင်း သိရသည်။

KKO

## အစာအိမ်အရွယ်အစားလျှော့ချမှုက အဝလွန်လူနာများ၏ ဦးနှောက်ကျန်းမာရေး မြှင့်တင်ပေးနိုင်

**အမ်စတာဒမ် မေ ၂၃**

ကိုယ်အလေးချိန်လျှော့ချရေးအတွက် ခွဲစိတ်မှုဖြင့် အစာအိမ်အရွယ်အစားလျှော့ချမှု(Gastric Band Surgery) စနစ်က အဝလွန်လူနာများ၏ ဦးနှောက်ကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာအိမ်အရွယ်အစား ခွဲစိတ်လျှော့ချထားသော လူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ဦးနှောက်စွမ်းဆောင်ရည်သည် မခွဲစိတ်မီကာလကထက်ပို၍ အားကောင်းလာတတ်ကြောင်း သိရသည်။

ကိုယ်အလေးချိန်သိသိသာသာကျဆင်းသွားမှုနှင့်အတူ သွေးဖိအားပါကျဆင်းလာမှုကြောင့် အဝလွန်လူနာများ၏ ဦးနှောက်အတွင်း သွေးဝင်ရောက်မှု မြင့်မားလာပြီး စွမ်းဆောင်ရည်ပိုမြင့်မားလာရဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် Gastric Band Surgery ခွဲစိတ်မှုခံယူထားသော အဝလွန်လူနာ ၁၂၇ ဦးတို့၏ စိတ်ကျန်းမာရေးအခြေအနေများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကိုယ်အလေးချိန်လျှော့ချနိုင်မှုသည် ဦးနှောက်စွမ်းဆောင်ရည်မြင့်မားလာမှုနှင့် ဆက်စပ်နေကြောင်း ယခင်ထုတ်ပြန်ခဲ့သည့် လေ့လာချက်များတွင်လည်း ဖော်ထုတ်တင်ပြခဲ့ဖူးသည်။

အဝလွန်လူနာများတွင် ရှိတတ်သည့် သွေးကြောပြဿနာများသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှု၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လက်စတာကို သရေကစားနိုင်ခဲ့သည့် နယူးကာဆယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ




**လန်ဒန် မေ ၂၃**

ပရီးမီးယားလိဂ် ပွဲကျန်အဖြစ် နယူးကာဆယ်အသင်းနှင့်လက်စတာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း နယူးကာဆယ်အသင်းက ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် သေချာခဲ့ပြီး ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီက အမှတ်ပေးဇယားတွင် အဆင့်(၃) တွင်ရပ်တည်နိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့ပြီးနောက် ဥရောပအဆင့်မြင့်တန်းပြိုင်ပွဲများနှင့်လွဲချော်ခဲ့ကာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဆင်းကစားခဲ့ရသော်လည်း ဘောလုံးရာသီတစ်ရာသီသာကစား၍ ပရီးမီးယားလိဂ်သို့ ပြန်လည်တက်ရောက်ပြီးနောက်ပိုင်း ယခုနှစ်တွင် ပုံစံကောင်းပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နယူးကာဆယ်အသင်းသည် လက်စတာအသင်းနှင့် ပွဲစဉ်တွင် ရမှတ်တစ်မှတ်ရရှိခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲအပြီးတွင် ရမှတ် ၇၀ ဖြင့် အဆင့်(၄)တွင် ရောက်ရှိခဲ့ပြီး လက်ကျန်ပွဲတစ်ပွဲအလိုတွင် အဆင့်(၅)မှ လီဗာပူးအသင်းကို ရမှတ်လေးမှတ်ထိဖြတ်တောက်နိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်သေချာခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းသည် လက်စတာအသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးနိုင်ခဲ့ကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း လက်စတာအသင်း၏ တန်းဆင်းရှုန်းအားကြောင့် ရမှတ်တစ်မှတ်သာရရှိခဲ့ပြီး လက်စတာအသင်းအနေဖြင့်လည်း ၃၇ ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၁၈)တွင်ရောက်ရှိခဲ့သဖြင့် လာမည့်ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်ကို နိုင်ပွဲရရှိမှသာ ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ကို မျှော်လင့်နိုင်မည်ဖြစ်ပြီး အဲဗာတန်၊ လိဒ်အသင်းတို့နှင့် တန်းဆင်းဇုန်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ML

# ဒေါ့မွန်အသင်းက ဟမ်းမဲလ်ကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**ဘာလင် မေ ၂၃**

ဒေါ့မွန်အသင်းသည် ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ဝါရင့်ခံစစ်ကစားသမား ဟမ်းမဲလ်ကို သက်တမ်းတိုးရန် ဆက်လက်ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေါ့မွန်အသင်းသည် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား ဟမ်းမဲလ်ကို ပြီးခဲ့သည့် ဧပြီလကတည်းက သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ပြီး လက်ရှိတွင် ကစားသမားနှင့် ကလပ်အသင်းတို့ကြား သဘောတူညီမှုရရှိခဲ့ကာ တစ်နှစ်စာချုပ်အတွက် ယူရို ခုနစ်သန်းဖြင့် လာမည့်ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဟမ်းမဲလ်သည် ဒေါ့မွန်အသင်းတွင် တစ်နှစ်လုပ်ခလစာ ယူရို ၁၀ သန်းထိရရှိနေကာ အသင်း၏တတိယမြောက် လုပ်ခလစာအများဆုံးကစားသမားဖြစ်သော်လည်း သက်တမ်းတိုးစာချုပ်တွင် အသက်အရွယ်ရလာသည့် ၎င်းအတွက် အပိုဆုကြေး အပါအဝင် ယူရို ခုနစ်သန်းဖြင့်သာ ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဟမ်းမဲလ်သည် ၂၀၁၉ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဒေါ့မွန်အသင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်း၏ခံစစ်ပိုင်းကို အဓိက ဦးဆောင်နိုင်ခဲ့သူဖြစ်ကာ ပြိုင်ပွဲစုံ ၁၅၈ ပွဲတွင် သွင်းဂိုး ကိုးဂိုးထိသွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အမှတ်ပေးပြိုင်ပွဲ ၂၉ ပွဲထိပါဝင်ကစားပေးနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးသွင်းယူကာ အသင်းကို အမှတ်ပေးဇယားထိပ်ဆုံးသို့ပို့ဆောင်ပေး၍ ချန်ပီယံဆုဖလားရယူနိုင်ရန် ပါဝင်ကူညီပေးခဲ့ကြောင်း သိရသည်။

ML




# အင်္ဂလိပ်ကြောင်း
# အင်္ဂလိပ်တီးနားနှင့် ဩစတြေးလျအသင်းတို့၏ခြေစမ်းပွဲစဉ်ကို တရုတ်နိုင်ငံတွင် ကျင်းပမည်ဟုဆို

**ပေကျင်း မေ ၂၃**

လာမည့် ဇွန် ၁၅ ရက်တွင် တရုတ်နိုင်ငံတွင် ကျင်းပမည့် အာဂျင်တီးနား အသင်းနှင့် ဩစတြေးလျအသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို တိုက်စစ်မှူး မက်ဆီဦးဆောင်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ အာဂျင်တီးနားသံရုံးက ပြောကြားခဲ့သည်ဟု Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် တရုတ်နိုင်ငံခရီးစဉ်ကို ၂၀၁၇ ခုနှစ်က နောက်ဆုံးအကြိမ်ရောက်ရှိခဲ့ပြီး လာမည့်ဇွန်လတွင်ကျင်းပမည့် ခြေစမ်းပွဲစဉ်များကို အာရှတွင်ကစားရန် စီစဉ်ထားသဖြင့် ဇွန် ၁၅ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်နှင့် ဇွန် ၁၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ပွဲစဉ်များကစားမည်ဖြစ်ပြီး မက်ဆီအနေဖြင့် ခြောက်နှစ်အကြာမှ တရုတ်ခရီးစဉ်ကို ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် ၎င်း၏ကစားသမားဘဝတွင် တရုတ်ခရီးစဉ်ကို ၂၀၀၅ ခုနှစ်တွင် စတင်သွားရောက်ခဲ့ပြီး အာဂျင်တီးနားအသင်း၊ ဘာစီလိုနာအသင်းတို့နှင့် ခြောက်ကြိမ်ထိရောက်ရှိခဲ့သကဲ့သို့ ယခင်က နိုင်ငံအသင်းကစားသမားဘဝတွင် အောင်မြင်မှုမရရှိသေးသော်လည်း တရုတ်ပရိသတ်များ၏အားပေးမှုကိုရရှိခဲ့သူဖြစ်ပြီး လက်ရှိတွင် တိုက်စစ်မှူး မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ဦးဆောင်၍ နိုင်ငံအသင်းကစားသမားဘဝတွင် ပထမဆုံးအောင်မြင်မှုရရှိခဲ့သောကြောင့် ၎င်းကို အားပေးသည့် ပရိသတ်များနှင့် တွေ့ဆုံရန်အတွက် တရုတ်ခရီးစဉ်ကိုသွားရောက်ရန် ပိုမိုစိတ်အား ထက်သန်နေကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် လူမျိုးရေးခွဲခြားခံရသည့် ဗင်နီစီးယပ်စ်က ၎င်းအနေဖြင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုခံနေရသဖြင့် စပိန်နိုင်ငံမှထွက်ခွာ၍ အခြားကလပ်အသင်းတစ်ခုခုသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ပီအက်စ်ဂျီအသင်းမှ ရောင်းချမည့် တိုက်စစ်မှူးနေမာကိုခေါ်ယူရန်အတွက် ကလပ်အသင်းတာဝန်ရှိသူများနှင့်တရားဝင်ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းသည် ကစားသမားအပြောင်းအရွှေ့များတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအမှားကြောင့် ရမှတ် ၁၀ မှတ်လျှော့ပြစ်ဒဏ်ထပ်မံကျခံရသဖြင့် အမှတ်ပေးဇယားအဆင့်(၇)သို့ ရောက်ရှိခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- ၂၀၃၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရန် အက်ဖ်အေအနေဖြင့် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# ကမ္ဘာ့အဆင့်(၁)နေရာသို့ စပိန်တင်းနစ်သမား အယ်ကာရက်ဇ် တက်ရောက်နိုင်ခဲ့ပြီး ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့

**လန်ဒန် မေ ၂၃**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ပရော်ဖက်ရှင်နယ် တင်းနစ်အသင်းအဖွဲ့(ATP) က ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားများ၏ ကမ္ဘာ့အဆင့်ရပ်တည်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာတွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်(၁) နေရာကိုတက်ရောက်ခဲ့ကြောင်း JP Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ယခုနှစ် တင်းနစ်ရာသီအတွင်း ဆုဖလား လေးလုံးထိဆွတ်ခူးထားပြီး ပထမဦးဆုံးသောဆုဖလားအဖြစ် အာဂျင်တီးနား အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ဒုတိယမြောက်ဆုဖလားအနေဖြင့် Indian Wells Mastersတင်းနစ်ပြိုင်ပွဲချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး တတိယမြောက် ဆုဖလားအဖြစ် ဘာစီလိုနာအိုးပင်း၊ စတုတ္ထမြောက် ဆုဖလားအဖြစ် မက်ဒရစ်အိုးပင်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

ယခင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်ထားနိုင်သည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် Italian Open တင်းနစ်ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာကို စွန့်လွှတ်ခဲ့ရသည်။

ထို့ပြင် Italian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က ကမ္ဘာ့အဆင့်(၂) နေရာသို့ တက်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားနေရာတွင် ရပ်တည်နေသည့်ဂျိုကိုဗစ်မှာ ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်းခဲ့ရသည်။




အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် အမျိုးသမီးတင်းနစ်အသင်းအဖွဲ့(WTA)က ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကိုထုတ်ပြန်ခဲ့ရာတွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကလည်း ကမ္ဘာ့အဆင့်(၂) နေရာကို ဆက်လက်ရပ်တည်နိုင်ခဲ့ကာ အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာက ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် YREO အသင်းနှင့် Young Lionesses အသင်းတို့ အသင်းအမည်ပြောင်းလဲယှဉ်ပြိုင်သွားမည်



**ရန်ကုန် မေ ၂၃**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် အသင်းများဖြစ်သည့် YREO အသင်းနှင့် Young Lionesses အသင်းတို့အနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် အသင်းအမည်များပြောင်းလဲပြီး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီမှ စတင်ပြီး YREO အသင်းသည် ရန်ကုန်ယူနိုက်တက်အမျိုးသမီး အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သကဲ့သို့ Young Lionesses အသင်းသည်လည်း GFA အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Young Lionesses အသင်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးလူငယ်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံ ရရှိစေရန်အတွက် ဖွဲ့စည်းပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ဝင်ရောက်ကစားနေခြင်းဖြစ်ပြီး ယခုအခါ GFA အသင်းအမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၃ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့် ဇွန်လဒုတိယရက်သတ္တပတ်မှစတင်ကာ ကျင်းပမည်ဖြစ်ပြီး ISPE အသင်း၊ မြဝတီအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ GFA အသင်း၊ Sports & Education အသင်းနှင့် သစ္စာအားမာန်အသင်း စသည့်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲမှ အမေရိကန်ကစားသမား တိုက်ဂါးဝုဒ် နုတ်ထွက်

**ကယ်လီဖိုးနီးယား မေ ၂၃**

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ဇွန် ၁၅ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပပြုလုပ်သွားမည့် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု SW သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် မော်တော်ယာဉ်တိမ်းမှောက်စဉ်က ရရှိထားသည့် ခြေဖဝါးရိုးကျိုးသည့်ဒဏ်ရာနှင့် ခြေချင်းဝတ်ဒဏ်ရာ ပြန်လည်နာကျင်လာသည့်အတွက် ဆေးကုသမှုခံယူနေရသည်။

ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်အတွင်း ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများအနက် တတိယမြောက်ကျင်းပသည့် အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည့်အတွက် နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများအားလုံးနီးပါး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၂၀၀၀ ပြည့်နှစ်က တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်က တစ်ကြိမ်နှင့် ၂၀၀၈ ခုနှစ်ကတစ်ကြိမ် ချန်ပီယံဆုကိုသုံးကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁၈)နေရာတွင် ရပ်တည်နေသည့် တိုင်ရယ်ဟက်တန်၊ အဓိကဆုဖလားများ ဆွတ်ခူးထားသည့် ပက်ထရစ်ရိဒ်နှင့်ဂျက်ဆင်ဒေးတို့အပါအဝင် ကမ္ဘာ့အဆင့်(၆၀)အတွင်းရပ်တည်နေသည့် ကစားသမား ၂၅ ဦးထိ ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။ AZL

# ပရီးမီးယားလိဂ်ချန်ပီယံဆု ငါးကြိမ်ရရှိထားသည့် မန်ယူဂိုးသမားဟောင်း ရှမိုက်ကယ်၏စံချိန်ကို မန်စီးတီးအသင်းဂိုးသမား အန်ဒါဆန်လိုက်မီ



**မန်ချက်စတာ မေ ၂၃**

မန်စီးတီးအသင်း ဂိုးသမား အန်ဒါဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအများဆုံးဆွတ်ခူးထားသည့် ဂိုးသမားအဖြစ် ရပ်တည်နေသည့် မန်ယူအသင်းဂိုးသမားဟောင်း ရှမိုက်ကယ်၏ စံချိန်ကိုလိုက်မီနိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဂိုးသမား အန်ဒါဆန်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဘင်ဖီကာအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီး ထိုစဉ်က ဂိုးသမားများတွင် ဂျူဗင်တပ်အသင်းမှဂိုးသမားဟောင်း ဘက်ဖွန်ပြီးလျှင် ဒုတိယမြောက် ပြောင်းရွှေ့ကြေးအများဆုံးဂိုးသမားဖြစ်လာခဲ့ပြီး ဝေဖန်မှုများရှိခဲ့သော်လည်း အကောင်းဆုံးလက်စွမ်းများဖြင့် အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဂိုးသမား အန်ဒါဆန်သည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ချန်ပီယံဆုများဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းနှင့်စုစုပေါင်း ပရီးမီးယားလိဂ်ချန်ပီယံဆုငါးကြိမ်မြောက်ရရှိခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆုဖလားအများဆုံးကစားသမားအဖြစ်ရပ်တည်နေသည့် ရှမိုက်ကယ်၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဂန္ထဝင်ဂိုးသမားကြီးဖြစ်သည့် ပီတာရှမိုက်ကယ်သည် မန်ယူအသင်းတွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိကစားခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုကို ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၇ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင် ပရီးမီးယားလိဂ်ချန်ပီယံဆု ငါးကြိမ်ရရှိခဲ့ပြီး ဂိုးသမားများတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုအများဆုံး ရရှိသည့်ဂိုးသမားအဖြစ် နှစ်ပေါင်းများစွာ စံချိန်တင်ထားခဲ့ခြင်းကို ယခုအခါအန်ဒါဆန်က လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။ STA

# စူပါဖယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲ၌ အလိုင်စီယာက ခရစ္စတီးနားနှင့် ထိုးသတ်မည်

**မီချီဂန် မေ ၂၃**

WBC၊ IBF၊ WBO၊ WBA၊ IBO အမျိုးသမီး စူပါဖယ်သာဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ်လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် အလိုင်စီယာသည် စိန်ခေါ်သူ ဂရိလက်ဝှေ့မယ် ခရစ္စတီးနားနှင့် ဇူလိုင် ၁၅ ရက်တွင် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း အလိုင်စီယာက ထုတ်ပြန်ခဲ့သည်ဟု Matchroom Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလိုင်စီယာသည် အမျိုးသမီး စူပါဖယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ကတည်းက ရပ်တည်လာနိုင်ခဲ့သူဖြစ်ပြီး ချန်ပီယံကာကွယ်ပွဲစဉ်ကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထိုးသတ်ထားပြီးဖြစ်သည်။

အလိုင်စီယာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်း စိန်ခေါ်ပွဲပေါင်း ၁၄ ပွဲထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှုံးနိမ့်ထားသူဖြစ်သည်။

စိန်ခေါ်သူ ခရစ္စတီးနားသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်း စိန်ခေါ်ပွဲ ၁၆ ပွဲထိုးသတ်ထားသူဖြစ်ပြီး နှစ်ပွဲရှုံးနိမ့်ထားသည်။

ခရစ္စတီးနားသည် နောက်ဆုံးထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲနှစ်ပွဲတွင် နှစ်ပွဲစလုံး အနိုင်ရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး နှစ်ပွဲစလုံးတွင် အနိုင်ရခဲ့သည့်အတွက်ကြောင့်လည်း ပြိုင်ဘက်ကင်းချန်ပီယံ အလိုင်စီယာကိုစိန်ခေါ်ခွင့် ရခဲ့သူဖြစ်သည်။

အလိုင်စီယာက "လက်ဝှေ့လောကအတွက် အကျော်ကြားဆုံးမြို့မှာ ကျွန်မရဲ့စွမ်းဆောင်ရည်တွေကို ပြသခွင့်ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မွေးရပ်မြေက ကိုယ့်နိုင်ငံသားတွေရဲ့ရှေ့မှောက်မှာထိုးသတ်ခွင့်ရမဲ့ခံစားမှုက အရမ်းစိတ်လှုပ်ရှားစေပါတယ်။ မွေးရပ်မြေက ပရိသတ်တွေရှေ့မှာ လက်ရှိပြိုင်ဘက်ကင်းချန်ပီယံဆုကိုရအောင် ကာကွယ်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၂၃**

မျိုးဆက်သစ် တင်းနစ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှ စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ် အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲတစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲကို မေ ၂၈ ရက်ထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်းတွင် နေ့စဉ် နံနက် ၈ နာရီမှစတင်ပြီး ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုအလားအလာ

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစနစ်တွင် တရုတ်နိုင်ငံ၏ဗဟိုချက်မဖြစ်ရေး ရည်မှန်းချက်ကို စိတ်အားထက်သန်စွာ အကောင်အထည်ဖော်လျက်ရှိသည်။ ရုရှားအနေဖြင့်လည်း ရုရှား၏လက်တံ့ပြန်ရေး အစီအစဉ် အောင်မြင်မှုရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ စည်းမျဉ်းစည်းကမ်း အခြေခံသော နိုင်ငံတကာ အခင်းအကျင်းကို ပြန်လည်ပုံဖော်တည်ဆောက်နိုင်ရေး ကြိုးပမ်းရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်ကွန်မြူနစ်ပါတီ (CCP)တို့သည် တရုတ်နိုင်ငံကို စည်းမျဉ်းရေးဆွဲသူ၊ စနစ်ပုံဖော်သူနှင့် စံနှုန်းသတ်မှတ်သူအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကရင်မလင်သည် ရုရှား၏ အာဏာဟန်ချက် ပြန်လည်တည်ဆောက်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

တရုတ်နှင့်ရုရှားတို့သည် အမေရိကန်ဦးဆောင်မှုကို အင်အားချည့်နဲ့လာစေရန် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် NATO အဖွဲ့ကိုလည်း စိန်ခေါ်လျက်ရှိသည်။ EU အတွင်း အုပ်စုကွဲပြားမှုများကို အသုံးချခြင်းသည် အတ္တလန္တိတ်ဖြတ်ကျော် စည်းလုံးညီညွတ်မှုဖြိုခွဲရာ၌ အရေးပါလျက်ရှိကြောင်း တရုတ်နှင့်ရုရှားတို့က သိရှိသဘောပေါက်ထားသည်။ စစ်အသုံးစရိတ်ထောင်းလာမှုနှင့်အတူ အမေရိကန်-EU ဆက်ဆံရေးခွာပြဲလာခြင်းသည် NATO အဖွဲ့ကို အင်အားချည့်နဲ့လာစေမည်ဖြစ်သည်။

ယူကရိန်းနိုင်ငံတွင် ရုရှား၏ပဋိပက္ခဆင်နွှဲမှုသည် တရုတ်-ရုရှားပူးပေါင်းဆောင်ရွက်မှုတွင် အဓိက အစိတ်အပိုင်းအဖြစ် ပါဝင်လျက်ရှိသည်။ တရုတ်နှင့်ရုရှားတို့က အမေရိကန်သည် NATO အဖွဲ့ကို အရှေ့ဘက်သို့တိုးချဲ့ရေးအတွက် အဓိကသွေးထိုးလှုံ့ဆော်သူဖြစ်ကြောင်းနှင့် EU နှင့် အခြားသော အမေရိကန်မဟာမိတ်များသည် ပြစ်မှုကျူးလွန်သူများဖြစ်ကြောင်းပြောဆိုကာ ပြစ်တင်ဝေဖန်ခဲ့သည်။

တရုတ်နှင့်ရုရှားတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အင်အားဖြည့်ဆည်းပေးလျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏စီးပွားရေး၊ ဘဏ္ဍာရေးနှင့်နည်းပညာအထောက်အပံ့တို့အပေါ် မှီတည်နေရသလို တရုတ်အနေဖြင့်လည်း အလယ်အာရှနှင့် ကမ္ဘာ့တောင်ပိုင်းဒေသတို့တွင် ရုရှား၏ ပထဝီနိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုများကို အသုံးချသွားရန် ရည်မှန်းထားရှိသည်။ တရုတ်သည် ရုရှား၏ ထောက်ခံမှုဖြင့် အမေရိကန်ဆန့်ကျင်ရေးအစီအစဉ်ကို လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိသည်။ တရုတ်အနေဖြင့် ကမ္ဘာ့တောင်ပိုင်းဒေသတွင် လွှမ်းမိုးရပ်တည်နိုင်ရေးကြိုးပမ်းရာ၌ အနောက်အုပ်စုကြောင့် သိက္ခာကျလျက်ရှိသော ရုရှားနိုင်ငံကို အကျိုးရှိစွာ အသုံးချသွားနိုင်ပေသည်။ ကမ္ဘာ့တောင်ပိုင်းနိုင်ငံများသည် ရုရှားနိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် အင်အားကြီးနိုင်ငံအဖြစ် အသိအမှတ်ပြုထားဆဲပင်ဖြစ်သည်။

အမေရိကန်- EU ဦးဆောင်သော ဒီမိုကရက်တစ်ကမ္ဘာ့အခင်းအကျင်းနှင့် တရုတ်-ရုရှားတို့ဦးဆောင်သောအဖွဲ့တို့သည် ကမ္ဘာ့တောင်ခြမ်းဒေသတွင် ပြိုင်ဆိုင်မှုမြင့်တက်လာခဲ့သည်။ အဆိုပါဒေသတွင် အနောက်အုပ်စုထောက်ခံသူနှင့် ဆန့်ကျင်သူများရှိနေပြီး သက်ဆိုင်ရာနိုင်ငံများ၏ အကျိုးစီးပွားများလည်း ရှိနေသည်။ လက်ရှိအချိန်တွင် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့သည် တရုတ်နှင့်ရုရှားနိုင်ငံတို့ကို ပိုမိုလက်ကမ်းကြိုဆိုလာခဲ့သည်။

ရုရှားနှင့်တရုတ်တို့သည် အာဖရိကဒေသတွင် မတူညီသော မဟာဗျူဟာများနှင့် ချဉ်းကပ်ဆောင်ရွက်နေသော်လည်း အဆိုပါဒေသတွင် အမေရိကန်နှင့် EU တို့၏ လွှမ်းမိုးမှုလျှော့ချရေးဆောင်ရွက်ရာတွင် တူညီသောရည်မှန်းချက်ရှိနေသည်။ တရုတ်နှင့်ရုရှားတို့သည် ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့်စစ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံဆောင်ရွက်မှုများမှတစ်ဆင့် အာဖရိကဒေသတွင် နေရာယူလာခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်များဖြစ်ပြီး ဗီတိုအာဏာရှိသော တရုတ်နှင့်ရုရှားတို့သည် ၎င်းတို့၏အပြန်အလှန်အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်ရာ၌ ဗီတိုအာဏာကို အကျိုးရှိစွာ အသုံးချလျက်ရှိသည်။ အာဏာအပြည့်အဝရှိသော တရုတ်နှင့် ရုရှားတို့သည်



အာဖရိက ၅၄ နိုင်ငံနှင့်စပ်လျဉ်း၍ ဗီတိုအာဏာကျင့်သုံးလျက်ရှိသည်။ အဆိုပါ ၅၄ နိုင်ငံသည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အကြီးမားဆုံးသော မဲအရေအတွက်ပင်ဖြစ်သည်။

ရုရှားနှင့်တရုတ်တို့သည် BRICS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် တောင်အာဖရိကဒေသတွင် နေရာယူဖြန့်ကြက်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မကြာသေးမီကပင် တောင်အာဖရိက၊ တရုတ်နှင့် ရုရှားရေတပ်တို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှု Exercise Mosi-2 ကို ပြုလုပ်ခဲ့သေးသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI)၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း (GDI)၊ ကမ္ဘာ့လုံခြုံရေးလုပ်ငန်း (GSI) တို့ပါဝင်သော တရုတ်၏ ဘက်စုံချဉ်းကပ်မှုသည် တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းဆောင်ရည်တည်ဆောက်မှုတို့ကို တိုးမြှင့်နိုင်ခဲ့ပြီး ဒေသတွင်းလုံခြုံရေးဆိုင်ရာထိတွေ့ဆက်ဆံမှုကို အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသအပါအဝင် ကမ္ဘာ့တောင်ခြမ်းတွင် တရုတ်နိုင်ငံအုပ်ချုပ်မှုပုံစံဖြန့်ကြက်နိုင်မည့် ပလက်ဖောင်းတစ်ခုအဖြစ် အသုံးချသွားနိုင်မည်ဖြစ်သည်။

ရှီကျင့်ဖျင်၏ နိုင်ငံခြားရေးမူဝါဒဖြစ်သည့် ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော အမေရိကန်ဒေါ်လာ တစ်ထရီလီယံရင်းနှီးမြှုပ်နှံထားသည့် အကြီးစားစီမံကိန်းဖြစ်သော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) ၌ပါဝင်သည့် နိုင်ငံများသည် ကမ္ဘာ့တိုက်ကြီးအားလုံးမှဖြစ်ပြီး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အမျိုးမျိုးတွင် နိုင်ငံ ၁၄၇ နိုင်ငံမှ လက်မှတ်ရေးထိုးထားသည်။ အနောက်နိုင်ငံများက BRI သည် အကြွေးထောင်ချောက်ဖြစ်လာမည်ဟု စိုးရိမ်ပူပန်လျက်ရှိသော်လည်း ၎င်းစီမံကိန်းသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများတွင် ဆက်လက်တိုးတက်လာလျက်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ၏ ၇၄ ရာခိုင်နှုန်းခန့်သည် BRI တွင် လက်မှတ်ရေးထိုးထားသည်။ အာဖရိကတောင်ပိုင်းဒေသရှိ နိုင်ငံများ၏ ၉၄ ရာခိုင်နှုန်းခန့်သည်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသ (MENA)မှ နိုင်ငံ ၈၅ ရာခိုင်နှုန်းသည်လည်းကောင်း BRI တွင် လက်မှတ်ရေးထိုးထားကြသည်။ BRI ရှိ ၄၃ နိုင်ငံသည် တောင်အာဖရိကဒေသမှဖြစ်ပြီး ၁၈ နိုင်ငံသည် MENA ဒေသမှဖြစ်သည်။

တရုတ်သည် UN ၏ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းများတိုးတက်ရေးအတွက် ၂၀၂၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ GDI ကို စတင်အဆိုပြုခဲ့သည်။ GDI မိတ်ဆွေနိုင်ငံများတွင် နိုင်ငံပေါင်း ၆၀ ကျော်ပါဝင်သည်။ BRI နှင့် GDI ကို အပြိုင်အကောင်အထည်ဖော်လျက်ရှိသည်။ BRI သည် စီးပွားရေးတိုးတက်မှုကို အဓိကထားဆောင်ရွက်သလို GDI သည် ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အာဖရိကဒေသသည် တရုတ်၏ GSI တွင် သိသာထင်ရှားစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ GSI သည် စိတ်တူကိုယ်တူနိုင်ငံများတွင် တရုတ်၏ လုံခြုံရေးဆိုင်ရာ ဦးစားပေးမှုများနှင့် အလေ့အထများ ပေါင်းစည်းသွားမည့် CCP ၏ စက္ကူဖြူစာတမ်းပင်ဖြစ်သည်။ အာဖရိကသို့ရုရှား၏ ချဉ်းကပ်မှုပုံစံသည် ပိုမိုလက်တွေ့ဆန်လျက်ရှိသည်။ ရုရှား၏စစ်ရေးဆိုင်ရာ ထောက်ပံ့မှု၊ စွမ်းအင်လုံခြုံရေးဆိုင်ရာ အသုံးချမှုများ၊ သတ္တုတူးဖော်မှုများနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အာဖရိကနိုင်ငံများတွင် တင်းမာသော နိုင်ငံရေးယဉ်ကျေးမှုများ ဆက်လက်ထိန်းသိမ်းထားစေလျက်ရှိသည်။

ရုရှားနိုင်ငံသည် အဓိကစစ်လက်နက်ပစ္စည်းများအပါအဝင် အာဖရိက၌ စစ်ဘက်ဆိုင်ရာ လက်နက် ၄၉ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ရုရှား၏လက်နက်များကို အဓိကတင်သွင်းသူများမှာ အယ်လ်ဂျီးရီးယား၊ အန်ဂိုလာ၊ ဘာကီနာဖာဆို၊ အီဂျစ်၊ အီသီယိုးပီးယား၊ မော်ရိုကိုနှင့် ယူဂန်ဒါနိုင်ငံတို့ဖြစ်ကြသည်။ လက်ရှိအချိန်တွင် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက် ကမောက်ကမဖြစ်နေခြင်းသည် အာဖရိကဒေသတွင် လက်နက်မှောင်ခိုဈေးကွက် ကြီးထွားလာစေလျက်ရှိသည်။

MENA ဒေသတွင် တရုတ်နှင့် ရုရှားတို့၏တူညီသောသဘောထားသည် အနောက်အုပ်စုနှင့် NATO အဖွဲ့တို့အပေါ် ပထဝီနိုင်ငံရေးအရစိန်ခေါ်သွားရန်ပင်ဖြစ်သည်။ MENA ဒေသတိုးတက်လာခြင်းသည် တရုတ်နှင့်ရုရှားတို့အတွက် အခွင့်အလမ်းများစွာဖြစ်စေသည်။ အီရန်ကို အင်အားတောင့်တင်းလာစေရန်ကူညီပေးခြင်း၊ အီရန်-ဆော်ဒီအာရေဗျ ယှဉ်ပြိုင်မှုကို အခွင့်အလမ်းအဖြစ်သုံးချခြင်းတို့အပြင် အမေရိကန်၏မဟာမိတ် အစ္စရေးကိုလည်း အင်အားကြီးနိုင်ငံများကြားယှဉ်ပြိုင်မှုတွင် ရှင်းလင်းပြတ်သားသော ရပ်တည်ချက်ရွေးချယ်သွားရန် ဖိအားပေးနိုင်မည်ဖြစ်သည်။

ရေနံထုတ်လုပ်သော အင်အားကြီးနိုင်ငံများ၏ ပထဝီနိုင်ငံရေးတွင် တရုတ်နိုင်ငံသည် ရုရှားထံမှ ဈေးနှုန်းချိုသာသောရေနံအပြင် ဆော်ဒီအာရေဗျနှင့် အီရန်တို့ထံမှလည်း ရေနံအရင်းအမြစ်များ ဝယ်ယူရရှိနေသည်။ ဆော်ဒီအာရေဗျသည် တရုတ်၏ရေနံလိုအပ်ချက် ၇၀ ရာခိုင်နှုန်းနှင့် စွမ်းအင်လိုအပ်ချက် ၄၀ ရာခိုင်နှုန်းခန့်ကို ရောင်းချပေးလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း အီရန်မှ ရေနံစည် ၁ ဒသမ၂ သန်းခန့် တင်သွင်းခဲ့သည်။ တရုတ်နိုင်ငံ၏ ပြီးပြည့်စုံသော မဟာမိတ်များတွင် MENA မှ အီရန်၊ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ UAE နှင့် အစ္စရေးတို့ ပါဝင်သည်။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစ၍ အာရပ်ကမ္ဘာ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး ၂၀၂၁ ခုနှစ်မှစ၍ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၃၀ ကျော်ထိရှိလာခဲ့သည်။

တရုတ်နိုင်ငံသည် GSI မှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသတွင် လုံခြုံရေးမူဘောင်သစ်ထူထောင်သွားရန်ရည်ရွယ်ထားသည်။ တရုတ်နိုင်ငံသည် ဂျီဘူတီတွင် စစ်အခြေစိုက်စခန်း တည်ဆောက်ထားပြီး ဘာရိန်း၊ အီရန်၊ အိုမန်၊ ဆော်ဒီအာရေဗျနှင့် ယီမင်တို့တွင်လည်း စစ်အခြေစိုက်စခန်းသစ်များ တည်ဆောက်သွားရန် စူးစမ်းလေ့လာလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၌ ပထမဆုံးဒုံးကျည်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ကာကူညီပေးလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ တူရကီ၊ မော်ရိုကိုနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့သို့လည်း လေယာဉ်များ၊ ဒရုန်းများနှင့်ဒုံးကျည်များ တင်ပို့ရောင်းချပေးလျက်ရှိသည်။

တရုတ်နှင့် ရုရှားတို့သည် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းတွင် အမေရိကန်နှင့်အနောက်အုပ်စုကိုဆန့်ကျင်ရန် နီးကပ်စွာပူးပေါင်းဆောင်ရွက်လာလျက်ရှိသည်။ တရုတ်နှင့်ရုရှားတို့သည် အီရန်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် အနောက်တိုင်း ဒီမိုကရေစီကိုဆန့်ကျင်နေသည့်နိုင်ငံကို အင်အားပိုမိုတောင့်တင်းခိုင်မာလာစေလျက်ရှိသည်။ လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသည် ဥရောပဒေသ၏ ပဋိပက္ခဆုံချက် ဖြစ်နေသည်။ တရုတ်(ထိုင်ပေ)သည် အနာဂတ်တွင် ပစိဖိတ်ဒေသ၌ ပဋိပက္ခအစပျိုးမည့်နေရာဖြစ်လာနိုင်ပေသည်။ အလားတူ အစ္စရေးနိုင်ငံအနေဖြင့်လည်း MENA နှင့် အရှေ့ပိုင်းမြေထဲပင်လယ်ဒေသရှိ သမိုင်းဝင်တပ်ဖွဲ့များကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားရာနေရာ ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် တရုတ်နှင့် ရုရှားတို့သည် အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသတို့တွင် အမေရိကန်နှင့်NATOအဖွဲ့တို့ အာဏာဖြန့်ကြက်လာမှုကို ဟန့်တားနိုင်ရေးအတွက် နည်းဗျူဟာမြောက် မဟာမိတ်များအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **China-Russia Cooperation in Africa and the Middle East by The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့်ထုလုပ်ထားသည့် ရန်ပြေနဂါးပန်းပုရုပ်များ ဝင်ရောက်လာ



**ပဲခူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် ရန်ပြေနဂါးပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရွှေယမင်း မြန်မာလက်မှုပစ္စည်းအရောင်းဆိုင် ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်း ဈေးကွက်သည် ရွှေမော်ဓောဘုရား ဈေးတန်း၊ ကမ္ဘောဇသာဒီနန်းတော် နှင့် ပဲခူးမြို့ပေါ်ရှိ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင် များဖြစ်ပြီး အဆိုပါဆိုင်များတွင် ၂၀၂၂ ခုနှစ် သီတင်းကျွတ်ကာလမှ စတင်ကာ အရောင်းအဝယ်သွက် လက်နေကြောင်း သိရသည်။

"ဈေးကွက်အခြေအနေကတော့ ဘုရားကြီး(ရွှေမော်ဓောဘုရား)ဈေး၊ ကမ္ဘောဇသာဒီနန်းတော်က ဈေးတန်းနဲ့ မြို့ပေါ်က အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင် တွေအနေနဲ့ ပြည်တွင်းခရီးသွားတွေ ပြန်များလာတဲ့အတွက် ရောင်းအား ပြန်တက်နေပါတယ်။ အခုမေလက တရုတ်နဲ့ ထိုင်းဘုရားဖူးတွေ ပိုများ လာတဲ့အတွက် ပန်းပုရုပ်တွေ၊ ရုပ်သေးတွေ အရောင်းအဝယ်ဖြစ် တယ်။ ဒီမေလမှာပဲ ရင်းတိုက်သား နဲ့ထုလုပ်ထားတဲ့ ရန်ပြေနဂါးရုပ် တွေ ဈေးကွက်ထဲဝင်လာပါတယ်။ ရန်ကုန် ဒါးပိန် ပန်းပုကျေးရွာ ကနေ ဝင်လာတာဖြစ်ပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

ရင်းတိုက်သားဖြင့် ထုလုပ်ထား သည့် ရန်ပြေနဂါးပန်းပုရုပ်များ၏ အရွယ်အစားမှာ အမြင့် ၉လက်မ၊ အလျား ၁၉ လက်မ၊ ဒု ၅လက်မ ဖြစ်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၁၄၅၀၀၀ ဖြစ်ကာ ဈေးကွက် အတွင်းသို့ ပန်းပုရုပ်အရေအတွက် ၅၀ ခန့် ဝင်ရောက်ထားရာ လက်ရှိ တွင် ဈေးကွက်အတွင်း ပန်းပုရုပ် ၁၅ ရုပ်ခန့် ရောင်းချထားရကြောင်း သိရသည်။

ASH

# Juror#2 ဇာတ်ကားတွင် မင်းသား ကီဖာဆူသာလန်း ပါဝင်မည်

**နယူးယောက် မေ ၂၃**

ကမ္ဘာကျော် မင်းသားကြီး ကလင့်အီစ့်ဝုဒ်ရိုက်ကူးမည့် Juror #2 အမည်ရှိ ဇာတ်ကားတွင် မင်းသား ကီဖာဆူသာလန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် ကီဖာဆူသာလန်းသည် မင်းသား နီကိုလပ်ဟော့၊ မင်းသမီး တိုနီကောလက်တီနှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Juror #2 ဇာတ်ကားသည် လူသတ်မှုတစ်ခု စီရင်ချက်ချရေးအတွက် ကျင့်ဝတ်ရေးရာပြဿနာများနှင့်ရင်ဆိုင်နေခဲ့ရသော တရားသူကြီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် ဒါရိုက်တာမင်းသားကြီး ကလင့်အီစ့်ဝုဒ် ဒါရိုက်တာအဖြစ် နောက်ဆုံးရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Juror #2 ဇာတ်ကား၌ အဓိကဇာတ်ကောင် တရားသူကြီးအဖြစ် မင်းသား နီကိုလပ်ဟော့က သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Juror #2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# မဖဲဝါနှင့် တာတေ ဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် မေ ၂၃**

မဖဲဝါနှင့် တာတေ မြန်မာရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ မေ ၂၉ ရက် ည ၉ နာရီတွင် စတင်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးတင်ဆက်ထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

မဖဲဝါနှင့် တာတေ ရုပ်သံဇာတ်လမ်းတွဲသည် အပိုင်း (၁၆) ပိုင်းပါဝင်သည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး ဖိုးကျော် (သင်္ချာ)၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဒါရိုက်တာ သီဟမင်းညီက ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မေ ၂၉ ရက်မှာ Channel K ရုပ်သံလိုင်းက ထုတ်လွှင့်မဲ့ မဖဲဝါ




နှင့် တာတေ ရုပ်သံဇာတ်လမ်းတွဲက Season-1 ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ သဘာဝလွန်ဖန်တီးတင်ပြချက်တွေ အများအပြား ပါဝင်တဲ့အတွက် အဲဒီပြသချက်တွေကို ပရိသတ်တွေ အတုယူဆောင်ရွက်တာမပြုကြဖို့နဲ့ ယုတ္တိသဘာဝအမြင်ထက် ဖျော်ဖြေရေးအမြင်နဲ့သာ ကြည့်ရှုအားပေးကြပါလို့ အသိပေးလိုပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

မဖဲဝါနှင့် တာတေ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် လင်းအောင်၊ စံပယ်မိုး၊ ခင်စိုးပိုင်၊ မင်းသူ၊ နေရဲလင်း၊ ညီညီမင်းထက်၊ ကျော်ဝင်းထွန်း စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Amateur အက်ရှင်ဇာတ်ကား၌ မင်းသား ရာမီမာလက် သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၃**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Amateur အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားတွင် မင်းသား ရာမီမာလက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသား ရာမီမာလက်သည် Amateur ဇာတ်ကားတွင် မင်းသား လောရင့်ဖစ်ဘန်း၊ မင်းသမီး ရာချယ်ဘရော့နာဟန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Amateur ဇာတ်ကားသည် အကြမ်းဖက် တိုက်ခိုက်မှုတစ်ခုအတွင်း ဇနီးဖြစ်သူသေဆုံးခဲ့ပြီးနောက် လက်တုံ့ပြန်ရန် ကြိုးစားခဲ့သော စီအိုင်အေ စကားဝှက်ဖော်ပညာရှင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Amateur ဇာတ်ကား၌ မင်းသား ရာမီမာလက်ပါဝင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ ရာမီမာလက်သည် Bohemian Rhapsody ဇာတ်ကားနှင့် အော်စကာဆုရရှိထားသူဖြစ်ကြောင်း သိရသည်။ KKO





# မာလာမြိုင်သဘင်ပွဲတော်တွင် အမေပုပ္ပားနှင့် သားတော်နှစ်ပါး တေးအော်ပရာကို မေ ၂၇ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် မေ ၂၃**

မာလာမြိုင်သဘင်ပွဲတော်တွင် အမေပုပ္ပားနှင့် သားတော်နှစ်ပါး တေးအော်ပရာအစီအစဉ်ကို မေ ၂၇ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါတေးအော်ပရာ အစီအစဉ်တွင် ပါဝင်ကပြသရုပ်ဆောင်ထားသည့် ဇာတ်မင်းသား ဩရအောင်က ပြောပြ၍သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော် အစီအစဉ်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး ဧပြီ ၂၄ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ မေ ၂၇ ရက်တွင်ထုတ်လွှင့်မည့် မာလာမြိုင် သဘင်ပွဲတော်တွင်လည်း အမေပုပ္ပားနှင့် သားတော်နှစ်ပါး တေးအော်ပရာအစီအစဉ်ကို ထည့်သွင်းကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရွှေညာမြေ ချောက်မြို့ကနေ မာလာမြိုင်သဘင်ပွဲတော်ကို တကူးတက လာအားဖြည့်ပါဝင်ပေးတဲ့ မင်းသမီး ငြိမ်းချမ်းခိုင်နှင့် မင်းသားဘွန်း၊ ဩရအောင်တို့ရဲ့ သွင်တမူဆန်းတဲ့ နှစ်ပါးခွင်နှင့်အတူ အမေပုပ္ပားနှင့် သားတော်နှစ်ပါး တေးအော်ပရာ တင်ဆက်မှုကို တော့ တနင်္ဂနွေနေ့ ည ၇ နာရီမှာ Marlarmyaing Group Facebook Page နဲ့ The Tree Entertainment Page တို့မှာ အားပေးကြည့်ရှုနိုင်ပါတယ်။ ည ၉ နာရီမှာတော့ M Entertainment TV Channel တွေမှာ စောင့်မျှော် အားပေးကြပါ"ဟု ဇာတ်မင်းသား ဩရအောင်က ပြောပြသည်။

မာလာမြိုင် သဘင်ပွဲတော်ကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပံ့ဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win presents titles and certificates to Sayadaws who passed diamond jubilee Tipitakadhara Tipitakakovida selection examinations



The ceremony in progress.

**Nay Pyi Taw May 23**

An auspicious ceremony to honour and present titles and certificates to 152 Sayadaws who passed the diamond jubilee Tipitakadhara Tipitakakovida selection examinations sponsored by Ministry of Religious Affairs and Culture of Republic of Union of Myanmar was held at Maha Pasana Cave in Yangon this morning.

Present to pay respects to Sayadaws led by Secretary of State Sangha Maha Nayaka Committee Patron of Minkyaung Pathamabyan religious school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhammajotikadhaja Dr Bhaddanta Candima Bhivamsa, and Oavadacariya Sayadaws of Tipitakadhara Tipitakakovida Selection Board, Tipitaka Bhantagarika Sayadaws, Tipitakadhara Tipitakakovida Sayadaws, Tipitaka Pucchaka Sayadaws, Supervisor Sayadaws, Sayadaws who passed the oral Tipitakadhara Tipitakakovida selection examinations, were Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SAC member Dr Kyaw Tun, union ministers U Ko Ko, U Myint Kyaing and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein, senior military officers from Office of Commander-in-Chief, the Yangon Command commander, Yangon Region cabinet members, officials and honoured guests.

The congregation led by the Vice-Senior General received the Five Precepts from Vice Chairman of Tipitakadhara Tipitakakovida selection examination Ovadacariva Board Patron of Moegaung Monastery in Hinthada Sayadaw Abhadhaja Maha Rattha Guru Abhadhaja Agga Maha Saddhammajotika Bhaddanta Sudhammacara Bhivamsa. The SSMNC Secretary Sayadaw delivered the saramanniya ovadakatha. Then, Union Minister for Religious Affairs and Culture U Ko Ko supplicated religious matters.


Vice-Senior General Soe Win presents certificate of passing examination to a Sayadaw.

The Vice-Senior General presented titled and certificate to Sayadaw Ashin Jotika Linkara and Sayadaw Ashin Vasava Linkara of Mingun Tipitaka Nikaya Monastery, Sagaing, Sagaing Region, who passed Mula Abhidhammika.

SAC member Dr Kyaw Tun presented titled and certificate to Sayadaw Ashin Visuddha of Tipitaka Maha Gandawin Nikaya Monastery, Dagon Myothit (East) Township, Yangon Region, Sayadaw Ashin Eindaka Linkara of Mingun Tipitaka Nikaya Monastery, Sagaing, Sagaing Region, who passed Mula Abhidhammika, and Ashin Gandhama of Mingun Tipitaka Nikaya who passed Dighanikayakovida.

Union ministers U Ko Ko, U Myint Kyaing and Dr Thet Khaing Win, Chief Minister U Soe Thein, senior military officers from Office of Commander-in-Chief, the Yangon Command commander and officials presented Dighanikayakovida titled and certificate to two Sayadaws, Digabhannaka title and certificate to eight Sayadaws, Vinayadhara title and certificate to 37 Sayadaws, Ubhatovibhingakovida title and certificate to seven Sayadaws, and Ubhatovibhingadhara title and certificate to 85 Sayadaws.

The SSMNC Vice Chairman Sayadaw delivered a sermon, and the congregation led by the Vice-Senior General shared merits gained and presented offertories to Sayadaws. The congregation led by the Vice-Senior General and wife presented rice and offertories to Sayadaw who passed the Tipitakadhara Tipitakakovida selection examination.

At the ceremony, Dighanikayakovida title was conferred on three Sayadaws, Vinayakovida title on eight Sayadaws, Ubhatovibhingakovida title on seven Sayadaws, See Page 13


A Sayadaw accepts certificate of passing examination.


A Sayadaw accepts certificate of passing examination.


A Sayadaw accepts certificate of passing examination.

*From Page 12*
Mula Abhidhammika title on four Sayadaws, Dighabhannaka title on eight Sayadaws, Vinayadhara title on 37 Sayadaws, Ubhatovibhagandhara title on 85 Sayadaws. A total of 152 Sayadaws passed in the Tipitakadhara Tipitakakovida selection examinations.

Tipitakadhara Tipitakakovida title was conferred on 15 Sayadaws and Tipitakadhara title on seven Sayadaws up to the diamond jubilee examination. 100

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win inspects Defence Services Self-Defence and Sports Institute in Yemon Cantonment, comforts those receiving medical treatments at Defence Services Orthopaedic Specialty Hospital in Mingaladon Township




Vice-Senior General Soe Win views training of Taekwondo players.

**Nay Pyi Taw May 23**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials this afternoon inspected the Defence Services Self-Defence and Sports Institute in Yemon Cantonment and comforted officers, other ranks and families receiving medical treatments at Defence Services Orthopaedic Specialty Hospital in Mingaladon Township.

First, the Vice-Senior General and party inspected the Defence Services Self-Defence and Sports Institute in Yemon Cantonment. At the meeting hall of the institute, the commandant reported on implementation of four military building tasks, and conducting the training courses in training years. In his instructions, the Vice-Senior General said that conducting the training courses on basic and advanced sports and self-defence to Tatmadaw members from the Tatmadaw (Army, Navy and Air) aims to emerge selected Tatmadaw athletes and turn out outstanding soldier athletes to be selected players of Myanmar national team so as to contribute to enhancement of Myanmar's sport standard. During the period from 1997-98 to 2022-23 financial years when the institute has been operated, *See Page 14*


Vice-Senior General Soe Win inspects sports gear.



Vice-Senior General Soe Win views training of football players.

*From Page 13*

37 self-defence and sport courses were conducted to turn out 412 Tatmadaw (Army, Navy and Air) selected players and Myanmar national selected players. The commandant was instructed to turn out selected national players via Tatmadaw (Army, Navy and Air) selected players for bringing honour to the State during his assigned term and to set records on his endeavours during the period. In turning out the selected players, it is necessary to conduct training for athletes to have systematic skills and techniques as well as advanced techniques for international Olympic sports events. With regard to agriculture and livestock farming, the Vice-Senior General stressed the need to meet the target production set by the State. In so doing, quality strains of crops, fertile soil, water supply and agricultural techniques must be perfect. It is necessary to seek quality strains of crops whereas fertile soil must be prepared. Likewise, supply of water and drainage must be done correctly, and use of agricultural techniques must be emphasized. If so, per-acre yield of crops will increase. Moreover, quality pedigree of animal species must be used at the farms. And, it is necessary to provide animal feeds and vaccines to animals. As sufficient providing of nutritious feeds for servicemen from the institute and trainees are very important to fully implement the objectives of the institute, manageable scale livestock farming tasks must be done in line with the policies of the State.

The Vice-Senior General and party viewed training of trainees in Taekwondo, boxing and volleyball events in the gymnasium and training sessions for trainees in the football ground and coordinated necessary measures. Then, the Vice-Senior General viewed round the training aid for sports events and gave necessary instructions to officials.



Vice-Senior General Soe Win inspects a sports item.

On arrival at Defence Services Orthopaedic Specialty Hospital (500-bed), the Vice-Senior General and party were welcomed by the commandant and officials.

The Vice-Senior General viewed round officers, other ranks and families receiving medical treatments at the hospital, asked after their health conditions and presented foodstuffs and assistance.

The Vice-Senior General presented cash award for health staff serving duties at the hospital to officials. 100



Vice-Senior General Soe Win presents gift to a patient.

# Foreign investments mostly flow into electric power, service and manufacturing sectors in 2022-23 FY

**Nay Pyi Taw May 23**

A large amount of foreign investment flows into the electric power, service and manufacturing sectors in Myanmar in 2022-23 financial year, according to the Directorate of Investment and Company Administration.

The Myanmar Investment Commission invites foreign investments with announcements that foreign direct investment will be prioritized to flow them into eight arenas such as fertilizer manufacturing, cement manufacturing, steel production, agriculture and livestock farms, value-added foodstuff production, electric vehicle assembling, medicines and health product production, and public transport.

Hence, foreign investment flows into electric power, service and manufacturing sectors in 2022-23 fiscal year.

In this regard, foreign investment amounted to more than US$1.64 billion to the investment sector, US$820.27 million of which entered the electric power sector.

The government eases restrictions for inflow of investments to Myanmar in the electric power sector. Foreign investment amounting to US$93.28 million flowed into electric power sector of Myanmar in 2018-19 fiscal year, $1.026 billion in 2019-2020 FY, $3.121 billion in 2020-21FY, $20.584 million in 2021.22 FY, and $820.27 million in 2022-23 FY.

In 2022-23FY, US$820.27 million entered the electric power sector, $504.123 million the service sector and $271.806 million the manufacturing sector. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်(တိုင်ပေ)က အမေရိကန်ထံမှ နောက်ထပ် HIMARS ဒုံးကျည် ၁၈ စင်း ဝယ်ယူခဲ့



တရုတ်(တိုင်ပေ)သည် ရန်သူပစ်မှတ်များကို အတိအကျတိုက်ခိုက်မှုစွမ်းရည်များ မြှင့်တင်ရန်အတွက် အမေရိကန်ထံမှ နောက်ထပ် M142 High Mobility Artillery Rocket System (HIMARS) လှုပ်ရှားစစ်ကစားမှု မြင့်မားကောင်းမွန်သော ဒုံးကျည် ၁၈ စင်းကို ဝယ်ယူထားကြောင်း ကြေညာခဲ့သည်။

အဆိုပါဝယ်ယူမှုသည် ၂၀၂၀ ခုနှစ်တွင် အမေရိကန်နိုင်ငံထံမှ ဝယ်ယူခွင့်ပြုရန် တောင်းဆိုထားသော လောင်ချာ ၁၁ ခုအပြင် ထပ်မံဝယ်ယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ၂၉ စင်းထိ ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း www.thedefensepost. com သတင်းရင်းမြစ်တွင် မေ ၁၉ ရက်က ရေးသားဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ နောက်ထပ်မှာယူခဲ့မှုသည် တရုတ်(တိုင်ပေ)စစ်ဘက်၏ Long-Range Precision Fire Strike System တာဝေးတိကျပဲ့ထိန်းတိုက်ခိုက်ရေးစနစ် ဝယ်ယူရေးစီမံကိန်းဖြင့် အကျုံးဝင်နေကြောင်း သိရသည်။

HIMARS ဒုံးကျည်စနစ်များကို မူလပေးပို့မည့်ရက် သတ်မှတ်ချက်ထက် တစ်နှစ်စောပြီး ၂၀၂၆ ခုနှစ်တွင် စတင်လွှဲပြောင်းပေးနိုင်လိမ့်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီက ထုတ်လုပ်သော HIMARS ဒုံးကျည်စနစ်သည် Multiple-Launch Rocket System (MLRS) အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် အမျိုးအစားနောက်ဆုံးထုတ် ဒုံးကျည်စနစ်လည်းဖြစ်သည်။ ၎င်းသည် အဖျက်စွမ်းအား၊ ဦးနှိမ်ပစ်ခတ်ခြင်းနှင့် တန်ပြန်ပစ်ခတ်မှုများနှင့်အတူ မိတ်ဖက်၊ မိမိတပ်ဖွဲ့များကိုစစ်ကူ ပစ်ကူပံ့ပိုးပေးနိုင်သည့် ယာဉ်တင်အမြောက်၊ ဒုံးကျည်စနစ်လည်း ဖြစ်သည်။

အဆိုပါစနစ်သည် အဆင့်မြှင့်တင်ထားသော အကွာအဝေးစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည့် ဒုံးကျည်များ၊ အကွာအဝေးလျှော့ချထားသော လေ့ကျင့်ရေးသီးသန့်သုံး ဒုံးကျည်များနှင့် အနာဂတ်ဒုံးကျည်မျိုးကွဲများအပါအဝင် MLRS ဒုံးကျည်အုပ်စုဝင်မှန်သမျှ တပ်ဆင်ပစ်လွှတ်ရန် ဒီဇိုင်းထုတ်ထားသည့်အတွက် ထူးခြားသောစွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားသည်။ လက်ရှိ HIMARS တွင် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီ ၉၄ ကီလိုမီတာဖြင့် သွားလာနိုင်သည့် သံချပ်ကာကိုယ်ထည်ယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုထားပြီး တပ်ဖွဲ့ဝင်များကို အကာအကွယ်ပေးနိုင်စွမ်း တိုးမြှင့်ပေးထားသည်။ အဆိုပါဒုံးကျည်စနစ်သည် C-130 လေကြောင်းဖြင့် သယ်ယူပို့ ဆောင်နိုင်ကာ ကမ္ဘာပေါ်ရှိ မည်သည့်နေရာမဆို အလွယ်တကူတပ်ဖြန့်ချထားနိုင်ပြီး အထူးတပ်ဖွဲ့များထံ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

**Taiwan Buys 18 Additional HIMARS Rocket Launchers From US ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်လေတပ်က THOR မိုက်ခရိုဝေ့ဗ်လက်နက်စနစ်ဖြင့် ဒရုန်းအုပ် (Drone Swarm) ကိုပစ်ချခဲ့

အမေရိကန်လေတပ်၏ Tactical High-Power Operational Responder (THOR) မိုက်ခရိုဝေ့ဗ်လက်နက်စနစ်ဖြင့် မကြာသေးမီက စမ်းသပ်မှုတစ်ခုတွင် မောင်းသူမဲ့လေယာဉ်များ အုပ်ဖွဲ့ပျံသန်းလာသော ဒရုန်းအုပ် (Drone Swarm) ကို ပစ်ချခဲ့ကြောင်း မေ ၁၈ ရက်က The Defense Post တွင် ဖော်ပြခဲ့သည်။

New Mexico ပြည်နယ်ရှိ Chestnut Test Site တွင် ပြုလုပ်ခဲ့သည့် အဆိုပါစမ်းသပ်မှုသည် လက်တွေ့ကမ္ဘာတွင် စစ်ဘက်ဆိုင်ရာ ပိုင်ဆိုင်မှုများကိုအစုလိုက်အပြုံလိုက် ဒရုန်းများအုပ်ဖွဲ့၍ တိုက်ခိုက်မှုပုံစံသဏ္ဌာန်တူ ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ THOR လက်နက်စနစ်သည် ပစ်မှတ်များကို ၎င်း၏အရွေ့စွမ်းအင် မဟုတ်သော Non-Kinetic အလင်းအမြန်နှုန်းရှိ မိုက်ခရိုဝေ့ဗ် Pulses များကိုအသုံးပြုကာ တိုက်ခိုက်ဖယ်ရှား၊ ရှင်းလင်းခြင်းမျိုးဖြစ်သည်။ THOR မိုက်ခရိုဝေ့ဗ်လက်နက်စနစ် ပရိုဂရမ်မန်နေဂျာ Adrian Lucero ၏အဆိုအရ အဆိုပါလက်နက်သည် စမ်းသပ်မှုတွင် အသုံးပြုသည့် ဒရုန်းအမျိုးအစားများကို တစ်ကြိမ်တစ်ခါမျှ မစမ်းသပ်ဖူးသော်လည်း ပစ်မှတ်အများအပြားကို တိုက်ခိုက်ဖျက်ဆီးရာတွင် ထိရောက်မှုရှိကြောင်း သက်သေပြခဲ့သည်။

THOR မိုက်ခရိုဝေ့ဗ်လက်နက်စနစ်သည် ပစ်မှတ်များကို ခြေရာခံရန်နှင့် ဖယ်ရှားရှင်းလင်းရန်အတွက်၎င်း၏ Wide Beam ရောင်စဉ်တန်းများ၊ မြင့်မားသောစွမ်းအားများနှင့် လျင်မြန်စွာရွေ့လျားလုပ်ဆောင်နိုင်သော ဆုံလည်စနစ်များဖြင့် ရန်သူဒရုန်းအုပ်ကို တိုက်ခိုက်ဖျက်ဆီးရန် ထိရောက်မှုရှိသည်ဟု Adrian Lucero က ရှင်းပြသည်။

ဒရုန်းခြိမ်းခြောက်မှုများ ပိုမိုခေတ်မီလာသည်နှင့်အမျှ နိုင်ငံအများအပြားသည် ၎င်းတို့၏ တန်ပြန်ဒရုန်းစွမ်းရည်ကိုအဆင့်မြှင့်တင်ရန်အတွက် ဘီလီယံနှင့်ချီ၍ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံသည် ထိုကဲ့သို့သော ခြိမ်းခြောက်မှုများကို ကာကွယ်တုံ့ပြန်နိုင်ရန် မတူညီသော နည်းပညာ၊ နည်းလမ်းများကို ပေါင်းစပ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းရှာဖွေနေသည်။

ဒရုန်းအုပ်များကိုတန်ပြန်ရန် တိုက်ရိုက်စွမ်းအင်သုံးလက်နက်များတွင် ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဝန်ထမ်းများကို ပိုမိုကောင်းမွန်ထိရောက်သော အကာအကွယ်များပေးစွမ်းနိုင်စေမည်ဖြစ်သည်။

THOR လက်နက်စနစ်အပြင် အမေရိကန်နိုင်ငံသည် ဒရုန်းများကို ၎င်းတို့၏ အီလက်ထရွန်နစ်ပစ္စည်းများကို ဖျက်ဆီးပစ်လိုက်ခြင်းဖြင့် ဖယ်ရှားရှင်းလင်းနိုင်မည့် Leonidas စွမ်းအားမြင့် မိုက်ခရိုဝေ့ဗ်လက်နက်ကို အသုံးပြုရန် စီစဉ်နေသည်။ ထို့ပြင် Blue Halo ကုမ္ပဏီသည် ခြေလျင်သုံးယာဉ်များပေါ်တွင် တပ်ဆင်ရန် ၂၀ ကီလိုဝပ်ထုတ် တန်ပြန်ဒရုန်း စွမ်းအင်မြင့်လေဆာစနစ် ထုတ်လုပ်ရန်အတွက် ပြီးခဲ့သည့်လတွင် အမေရိကန်ဒေါ်လာ ၄၆ သန်းတန်စာချုပ်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။



**US Air Force Shoots Down Drone Swarm With THOR Microwave Weapon ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီနိုင်ငံက ယူကရိန်းနိုင်ငံသို့ SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ် ပေးပို့ခဲ့



အီတလီက ယူကရိန်းနိုင်ငံသို့ SAMP/T လေကြောင်းရန် ကာကွယ်ရေးစနစ် ပေးပို့ခဲ့ကြောင်း မေ ၁၈ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်-အီတလီ နှစ်နိုင်ငံ ပူးတွဲထုတ်လုပ်ထားသော အဆိုပါစနစ်ကို ရောမမြို့မှ လေ့ကျင့်သင်ကြားထားသော ယူကရိန်းတပ်ဖွဲ့ဝင်ဦးရေ ၂၀ ပါဝင်သည့် အဖွဲ့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အီတလီနိုင်ငံသည် ဖေဖော်ဝါရီလက ပေးပို့ခဲ့သည့်စနစ်ကို တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်ရန် ရက်သတ္တပတ်များစွာ အချိန်ယူခဲ့ရသည်ဟု Decode 39 သတင်းဌာနအရ သိရသည်။

"အီတလီနိုင်ငံဘက်ကတော့ ဆောင်ရွက်စရာရှိတာတွေအားလုံး ဆောင်ရွက်ပေးပြီးသွားပါပြီ။ နောက်ပြီး ပြင်သစ်အနေနဲ့ ဒီလိုမျိုးထပ်ပို့ပေးနိုင်ဖို့ စောင့်စားနေပါတယ်။ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုက်ပွဲဝင်တပ်ဖြန့်သုံးနိုင်မဲ့ရက် အတိအကျမသိရှိရသေးပေမဲ့ တော်တော်တော့ နီးစပ်နေပြီဖြစ်ပါတယ်"ဟု အီတလီနိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ် Yaroslav Melnik ၏ ပြောကြားချက်ကိုကိုးကား၍ Decode 39 သတင်းဌာနက ရေးသားဖော်ပြထားသည်။

MBDA အီတလီ၊ MBDA ပြင်သစ်နှင့် Thales တို့၏ ပေါင်းစုထားသော စက်မှုလုပ်ငန်းစုက ထုတ်လုပ်ခဲ့သည့် အဆိုပါစနစ်သည် ခရုဇ်နှင့်နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များအပြင် တိုက်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များရန်မှ ကာကွယ်ပေးနိုင်စွမ်းရှိသည်။ စနစ်တွင်ပါဝင်သော Arabel ဘက်စုံသုံးရေဒါစနစ်သည် ပစ်မှတ် ၁၀၀ ထိ တစ်ပြိုင်နက် ခြေရာခံထိန်းကျောင်းနိုင်ပြီး ကြားဖြတ်ပစ်ချနိုင်ရန်အတွက် ဒုံးကျည်ရှစ်စင်းကို ဆက်တိုက်ပစ်လွှတ်တိုက်ခိုက်နိုင်သည်။

စနစ်တွင်အသုံးပြုထားသော Aster 30 ဒုံးကျည်ကြားဖြတ်ကိရိယာသည် အကွာအဝေး ကီလိုမီတာ ၁၂၀ (၇၄ မိုင်)နှင့် အမြင့် ကီလိုမီတာ ၂၀ (၁၂ မိုင်)ထိ ပျံသန်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**Italy Delivers SAMP/T Air Defense System to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ အားကစားရုံအတွင်း သင်တန်းသားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။**

☆ **ကျောဖုံးမှအဆက်**

သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းဌာနချုပ်ရုံးအစည်းအဝေးခန်းမတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီးလေးရပ်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုဆိုင်ရာများနှင့် လေ့ကျင့်ရေးနှစ်အလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချနေမှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လမ်းညွှန်အမှာစကားပြောကြားရာတွင် ကျောင်းရည်မှန်းချက်တာဝန်ဖြစ်သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များကို အားကစားနှင့် ကိုယ်ခံပညာ အခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် တပ်မတော်လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေပြီး ထူးချွန်အားကစားသမားစစ်သည်များကို မြန်မာ့လက်ရွေးစင်အဖြစ် မွေးထုတ်၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုနိုင်ရမည်ဟူသည့် အချက်ကို အလေးထား အကောင်အထည်ဖော်ရန်လိုကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၉၇-၁၉၉၈ မှ ၂၀၂၂-၂၀၂၃ ထိ ကိုယ်ခံပညာနှင့် အားကစားသင်တန်း ၃၇ မျိုး ဖွင့်လှစ်ခဲ့ရာ ထူးချွန်အားကစားသမားအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အပါအဝင် မြန်မာ့လက်ရွေးစင် ၄၁၂ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ကျောင်းအုပ်ကြီးအနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေရန်နှင့် မိမိကာလကြိုးပမ်းဆောင်ရွက်မှုကို မှတ်တမ်းထားရန်လိုကြောင်း၊ လက်ရွေးစင်များမွေးထုတ်ရာတွင် နိုင်ငံတကာ Olympic အားကစားနည်းများကို သတ်မှတ်စည်းမျဉ်းများနှင့် နည်းစနစ်ကျနစွာ တတ်မြောက်ကျွမ်းကျင်နေရန် အခြေခံကအစ အဆင့်မြင့်နည်းပညာအထိ လေ့ကျင့်နေရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ နွေစပါး၊ မိုးစပါးများကို နိုင်ငံတော်ကသတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူ၍ရှိပြီး အားလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်သကဲ့သို့ မြေဆီမြေဩဇာကောင်းမွန်အောင် ဆောင်ရွက်ရန်လည်းလိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် ရေသွင်း၊ ရေထုတ် မှန်ကန်မှုလည်းလိုကြောင်းနှင့် စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန်လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများ၊ ကာကွယ်ဆေးများကို လုံလောက်စွာကျွေးမွေးဖြည့်ဆည်းနိုင်ရန်လိုကြောင်း၊ ကျောင်း၏ ရည်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် သန္ဓေနှင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ အားကစားရုံအတွင်း အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစဉ်။**

သင်တန်းသား စစ်သည်များအားလုံး လုံလောက်သောအာဟာရပြည့်ဝစွာကျွေးမွေးနိုင်မှုသည် အဓိကကျသဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးများကိုလည်း နိုင်ငံတော်၏မူဝါဒနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း သင်တန်းသားများ၏ တိုက်ကွမ်ဒို၊ လက်ဝှေ့နှင့် ဘော်လီဘောလေ့ကျင့်နေမှုများ၊ ဘောလုံးကွင်းအတွင်း သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများကိုလိုက်လံမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မိန့်ကြားတော်မူသော သာရဏီယသြဝါဒကထာ

(၁၃၈၅ ခုနှစ်၊ နယုန်လဆန်း( ၅ )ရက်၊ (၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်၊ အင်္ဂါနေ့)

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် မူလအာဘိဓမ္မိက၊ ဒီဃဘာဏက၊ ဝိနယဓရ၊ ဥဘတောဝိဘင်္ဂဓရ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ၊ ဥဘတောဝိဘင်္ဂကောဝိဒ စသည် ခန်းခန်းအောင်ပွဲပန်းကို လန်းလန်းရွှင်ရွှင် ပန်ဆင်ကြသည့် သာသနဓဇအာဇာနည် အရှင်မြတ်များနှင့်တကွ သာသနဒါယကာ၊ ဒါယိကာမများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသည့် ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား အမှတ်ရဖွယ်အောက်မေ့ဖွယ်ရာဖြစ်သော သာရဏီယသြဝါဒစကား မြွက်ကြားလိုပါသည် ဘုရား။



အရှင်မြတ်တို့အတွက် အားတက်ဖွယ်ရာ စစ္စာအဦး အထူးလျှောက်ထားလိုသည်မှာ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာသခင် မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူကာ သတ္တသတ္တာဟစံတော်ပြီးနောက် ဥရုဝေလတောအဇပါလညောင်ပင်ရင်း၌ သီတင်းသုံးစံနေတော်မူစဉ် စရိုက်ညှိဖျင်း မာရ်နတ်မင်းသည် **“ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ”**အစဖြာလျက် လောကထိပ်တင်မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံတော်မူရန် လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က–

**“နတာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ”** အစဖြာလျက် ယုတ်မာစွာလတ် ဟယ်မာရ်နတ်၊ ငါဘုရား၏ တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသော အရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ၊ ရဲဝံ့ခြင်းမရှိသေးသမျှ၊ ပိဋကတ်သုံးပုံဟူသော ဘုရားဟောစကားတော်ကို များစွာမသင်ကြား မနာကြားအပ်သေးသမျှ၊ ပိဋကတ်သုံးပုံဟူသော တရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာတရားကိုးပါး အားလျော်သော အကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ ဝိပဿနာဝိသုဒ္ဓိအကျင့် အားလျော်သော တရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ(မြတ်စွာဘုရား)၏ ဝါဒကို သင်ကြား၍ မဟောပြ မပို့ချ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ၊ ဖြစ်ပေါ်လာသည့် သူတစ်ပါးတို့ အယူဝါဒကို အကြောင်းနှင့်တကွသော စကားဖြင့် နှိမ်နင်းသည် မည်လောက်အောင် နှိမ်နင်း၍မဟောပြနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန်မစံသေး”ဟု သုတ္တန္တပိဋက၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာန သုတ်တော် စာမျက်နှာ (၈၇)တွင် လာရှိပါသည် ဘုရား။

ယင်းဒေသနာတော်အရ မြတ်စွာဘုရားရှင်သည် သာသနာတော်တွင် ပိဋကတ်ကျမ်းဂန်များကို သင်အံကျက်ဆောင်၍ ပရိသတ်ဘောင်အတွင်း ကြောက်ရွံ့ခြင်းကင်းကာ ရဲဝံ့စွာဖြင့် သင်ကြားပို့ချဟောပြနိုင်ပြီး သာသနာတော်အတွင်း ချဉ်းနင်းဝင်ရောက် ပေါ်ပေါက်ဖြစ်ရှိလာသည့် သူတစ်ပါး၏ မိစ္ဆာဝါဒများကိုလည်း သုတ်သင်ပယ်ရှင်း နှိမ်နင်းနိုင်သည့် အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာစေလိုသော ဆန္ဒတော်မြတ် ရှိတော်မူသည်ကို ကြည်ညိုသိရှိနိုင်ပါသည် ဘုရား။

ဤသို့ အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာမှသာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့မည်ဖြစ်ပါသည် ဘုရား။ (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အနေဖြင့် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယစာချတန်း စသည်တို့တွင် ဗုဒ္ဓမြတ်စွာဟောမိန့်မှာသည့် ပိဋကတ်ကျမ်းစာများကို အခြေခံအနေဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လေ့လာခဲ့ရသည့်အပြင် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကတ်ပုံဝက်ကိုသော်လည်းကောင်း၊ ပိဋကတ်တစ်ပုံကိုသော်လည်းကောင်း၊ ပိဋကတ်နှစ်ပုံကိုသော်လည်းကောင်း အာဂုံအရ ကျက်မှတ်ပြန်ဆိုအောင်မြင်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ လိုလားတော်မူသည့် အရည်အချင်းရှိ ပုဂ္ဂိုလ်များတွင် ပါဝင်လျက်ရှိခြင်းကြောင့် အရှင်မြတ်တို့၏ အောင်မြင်မှုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ဝမ်းမြောက်နှမော်သာခုခေါ်လျက်ရှိပါသည် ဘုရား။

အရှင်မြတ်တို့အနေဖြင့်လည်း “ငါတို့သည် မြတ်စွာဘုရားရှင်လိုလားအပ်သည့် ဗဟုသုတဓမ္မဓရပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်လျက်ရှိကြပြီ”ဟု နှလုံးသွင်းကာ ဝမ်းမြောက်ကြရမည်ဖြစ်ပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ် သက်သက်မျှသာ ဖြစ်စေလိုသည် မဟုတ်ဘဲ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် စစ်စစ်အဖြစ် ရောက်အောင် ကျင့်ဆောင်ကျိုးကုတ် အားထုတ်ကြစေလိုသော ဆန္ဒတော်ရှိသည်ကိုလည်း မာရ်နတ်အား မိန့်ကြားတော်မူသော စကားအရပင် သိရှိနိုင်ပါသည် ဘုရား။

ထို့ကြောင့် အရှင်မြတ်တို့သည်မြတ်စွာဘုရားရှင်လိုလားအပ်သော ပုဂ္ဂိုလ်အမျိုးအစားတွင် ဓမ္မဓရအရည်အချင်းလောက်ဖြင့် ပါဝင်ရသော ပုဂ္ဂိုလ်အဖြစ်သာ မရပ်တည်ကြဘဲ သင်ကြားအပ်ပြီးသော ပရိယတ်ထဲတွင် ပါရှိသည့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့ကို အရှင်မြတ်တို့ ခန္ဓာကိုယ်တွင် ပဋိပတ်အဖြစ်ဖြင့် ရောက်ရှိလာအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင်လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ပါဝင်ကြစေလိုပါသည် ဘုရား။

ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ရပ်တည်မှသာ အရှင်မြတ်တို့၏ ပရိယတ်သည်လည်း မှန်မြတ်လှသော နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကြကာ သာသနာတော်သို့ ဝင်ရောက်ကြသော အမျိုးကောင်းသားရဟန်းတော်မြတ်တို့၏ ရည်ရွယ်ချက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြတ်ဆုံးအကျိုးကို ရရှိသုံးဆောင်ခံစားကြရမည် ဖြစ်ပါသည် ဘုရား။

သာသနဒါယကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ လေးဖြာပစ္စယပြည့်ဝစေရန် ပြည့်လျှံသော စေတနာ သဒ္ဓါတရားတို့ဖြင့် လေးစားကော်ရော် ပူဇော်လှူဒါန်းလျက် အထက်တန်းကျသော သာသနာပြုကုသိုလ်မှုများကို ပွားများအားထုတ် ပြုလုပ်နေကြသည်ကို အရှင်မြတ်တို့လည်း တွေ့မြင်နိုင်ပါသည် ဘုရား။

၄၅–ဝါကာလပတ်လုံး မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပရိယတ္တိ တရားတော်များသည် **လူ နတ် နိဗ္ဗာန်** သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်သဖြင့် ထိုတရားတော်များ မဆိတ်သုဉ်း မကွယ်ပျောက်ရလေအောင် ဆရာတော် သံဃာတော် အရှင်မြတ်များအနေဖြင့် ဆက်လက်၍ သင်ကြားပို့ချဟောပြပေးတော်မူကြပါဟု တိုက်တွန်းရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ရှိ မြို့တော်ခန်းမ၌အခြေပြု၍ မြို့ပေါ် ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၃၄၆ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၈ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၈ ဦး၊ အရိုးရောဂါဦးရေ ၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၁၀၈ ဦးနှင့် သွားရောဂါ ၃၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦးတို့ကို ရွှေ့လျား ခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၄ ဦး၊ Ultrasound ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ကျန်းမာပျော်ရွှင်ရေးဘဝနေထိုင်မှုအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန်လိုအပ်သူ ဒေသခံပြည်သူ ၁၄၄ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီး Mask များပေးဝေခဲ့သည်။ ၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက နွေးလယ်စာဖြင့် ဧည့်ခံကျွေးမွေးကြရာ ဆေးကုသရန်လာရောက်သူ စေတနာရှင်ပြည်သူများက ဆေးကုသရေးအဖွဲ့များကို စားသောက်ဖွယ်ရာများ ပြန်လည်လှူဒါန်းကြသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့်အပျက်အစီးများ ရှင်းလင်းပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကုလားတန် ၄၊ ၅၊ ၆ ရေယာဉ် သုံးစီးဖြင့် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖေါင်တော်ကြီး ဆိပ်ခံတံတားမှ စတင်ထွက်ခွာမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ မေ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်အပျက်အစီးများရှင်းလင်းပြီးစီးမှုနှင့် စာသင်ဆောင်များ အမိုးမိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေးစဉ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စာသင်ကျောင်းများမဖွင့်လှစ်မီ ဦးစားပေးပြုပြင်ရန် လိုအပ်သည့် စာသင်ဆောင်များကို အချိန်မီပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ကျောင်းဖွင့်ချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မုန်တိုင်းတိုက်ခတ်ချိန်တွင် ဒီရေမြင့်တက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတားနေရာ၌ဒေသခံပြည်သူများ ယာယီသွားလာရေးလွယ်ကူစေရန် အစားထိုးဆောင်ရွက်ထားသည့် နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ယာယီဘေလီတံတားတည်ဆောက်ပြီးစီးမှုနှင့်တံတားအသစ်ထပ်မံတည်ဆောက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မုန်တိုင်းတိုက်ခတ်ချိန်တွင် ထိခိုက်ပျက်စီးခဲ့သော ဒါးပိုင်တံတားနေရာ၌ ဒေသခံပြည်သူများယာယီသွားလာရေးလွယ်ကူစေရန် အစားထိုးဆောင်ရွက်ထားသည့် တစ်လွှာတစ်ထပ်ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကုလားတန် ၄၊ ၅၊ ၆ ရေယာဉ် သုံးစီးဖြင့် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖေါင်တော်ကြီး ဆိပ်ခံတံတားမှ စတင်ထွက်ခွာမှုကို သွားရောက်ကြည့်ရှုသည်။

ညနေပိုင်း၌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက စားရေရိက္ခာများလက်ခံရရှိမှုနှင့်ထောက်ပံ့ပြီးစီးမှု၊လျှပ်စစ်၊လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားနှင့် အခြားလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မိုခါမုန်တိုင်းဘေးအန္တရာယ်မကျရောက်မီ ရခိုင်ပြည်နယ်အတွင်းတွင် ဆက်သွယ်ရေးအော်ပရေတာ လေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ စခန်းရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ ဆက်သွယ်မှု ပြန်လည်ရရှိစေရေးအတွက် ချွတ်ယွင်းပြတ်တောက်ခဲ့သည့် မြေပေါ်၊ မြေအောက် ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများမိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများနှင့်မြို့တွင်း ကေဘယ်လ်ကွန်ရက်များ ပြန်လည်ပြုပြင်ခြင်း၊ ပျက်စီးသွားသော မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြုပြင်ခြင်းစသည့်လုပ်ငန်းများကို ဒေသခံနှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှလာရောက်သည့် ဆက်သွယ်ရေးဝန်ထမ်းစုစုပေါင်းအင်အား ၄၀၀ ကျော်ဖြင့် ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ မိုဘိုင်းစခန်းစုစုပေါင်း ၆၄၇ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သောကြောင့် မိုဘိုင်းစခန်းစုစုပေါင်း ၉၇၆ စခန်း ရာခိုင်နှုန်းအားဖြင့် ၇၉ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်

**နေပြည်တော် မေ ၂၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ မေ ၃၁ ရက်ထိသတ်မှတ်၍ ကျောင်းသား၊ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်းတစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ပထမဆုံးရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၁၃၄၃၀၃၇ ဦးရှိပြီးကျောင်းများ၏ လုံခြုံရေးနှင့်ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြစဉ်။



မန္တလေးတိုင်းဒေသကြီး၌ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာစဉ်။

**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E.Mr. Nikolay Patrushev ၏ ဖိတ်ကြားချက်အရ မေ ၂၃ ရက်မှ ၂၅ ရက်ထိ ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မေ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ ထိုင်းနိုင်ငံကပေးပို့သည့် အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ

**နေပြည်တော် မေ ၂၃**

ထိုင်းနိုင်ငံဘုရင်မင်းမြတ် His Majesty King Maha Vajiralongkorn Phra Vajiraklaochaoyuhua နှင့် မိဖုရား Her Majesty Queen Suthida Bajrasudhabimalalakshana၊ ထိုင်းနိုင်ငံအစိုးရ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၊ ထိုင်းပုဂ္ဂလိကကဏ္ဍနှင့် ထိုင်းပြည်သူများက မိုခါမုန်တိုင်းဒဏ်သင့်ဒေသရှိ ပြည်သူများထံသို့ ပေးပို့လှူဒါန်းသည့် ယာယီတဲများနှင့် အမိုးအကာများ၊ ဆိုလာမီးအိမ်များ၊ ကယ်ဆယ်ရေးအိတ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ငါးသေတ္တာများနှင့် အသင့်စားခေါက်ဆွဲခြောက်များပါဝင်သော ကယ်ဆယ်ရေးပစ္စည်းများသယ်ဆောင်လာသည့် ထိုင်းတော်ဝင်လေတပ်မှ C-130 လေယာဉ်နှစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

လေဆိပ်သို့ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်း ဝိစစ်စတန်က နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထိုင်းဘုရင်မင်းမြတ်၊ မိဖုရားနှင့် ထိုင်းပြည်သူတို့ကလှူဒါန်းသည့် တန်ချိန် ၂၀ ခန့်ရှိသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ ထိုင်းနိုင်ငံကပေးပို့သည့် အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံစဉ်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၃**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များကိုစုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကလှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်များ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ်ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် ဝန်ကြီးဌာနများကလှူဒါန်းသည့် မြေပဲအိတ်များ၊ ATOM ဆက်သွယ်ရေးပစ္စည်းများ၊ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လက်ဖက်ရည်ထုပ်များ၊ ပဲမျိုးစုံအိတ်များ၊ ခေါက်ဆွဲခြောက်များ၊ ကြက်သွန်နီအိတ်များ၊ ဘဲဥများ၊ ဆိုလာဓာတ်မီးများ၊ စားဆီပုံးများ၊ ဟင်းသီးဟင်းရွက်များ၊ MPT ဆက်သွယ်ရေးပစ္စည်းများ၊ မိုးကာများ၊ ဘက်ထရီအိုးများ၊ အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်များ၊ ကြက်ဥများ၊ ဘုရားဆင်းတုတော်များ၊ သွပ်၊ စားသောက်ကုန်ပစ္စည်းများ၊ မီးစက်နှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် လေးကြိမ်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်စဉ်။

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ရင်း၊ တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေး



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တပ်ရင်း၊ တပ်ဖွဲ့များတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး နယ်မြေခံတပ်ရင်းရှိ အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှုကာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးမှာကြားပြီး အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)သည် အဆိုပါတပ်နယ် တပ်ရင်းများ၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှု၍ ဥနှုန်းများ သတ်မှတ်နှုန်းထားပြန်လည်ပြည့်မီနိုင်ရေးဆောင်ရွက်ရန် လိုအပ်သည်များမှာကြားပြီး အိမ်ထောင်သည်လိုင်းများတွင် စိုက်ပျိုးထားသည့် မိသားစုများ၏ တစ်နိုင်တစ်ပိုင်စိုက်ခင်းများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် အဖွဲ့သည် ကံတောက်နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်ပြင်ဆင်နေမှုကိုကြည့်ရှု၍ ပျက်စီးမှုရာခိုင်နှုန်းများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ကာ ပြန်လည်ပြင်ဆင်တည်ဆောက်သွားရန် မှာကြားပြီး အိမ်ထောင်သည်ရဲမေ၊ မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် အဖွဲ့သည် ကျောက်တော်တပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောက်တော်တပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ပြင်ဆင်ဆောင်ရွက်သွားရန်မှာကြားပြီး အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်သည်။ ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ်ရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၍ ပန်း၊ ရေချမ်းကပ်လှူပြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများလှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်အဖွဲ့သည် မြောက်ဦးတပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် မြောက်ဦးတပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သည်များမှာကြားပြီး အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်အဖွဲ့သည် မင်းပြားတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းရှိ ပေါင်းစည်းလယ်ယာရှိ ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးခြံတွင် မွေးမြူထားသော ဥစားကြက်ခြံ၊မွေးမြူရေးခြံများ၊ DYLအသားတိုးဝက်မွေးမြူရေးခြံနှင့်ဆိတ်မွေးမြူရေးခြံတို့ကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နယ်မြေခံသင်တန်းကျောင်းရှိ မုန်တိုင်သင့်၍ပျက်စီးခဲ့သောအဆောက်အအုံများ၊သင်တန်းသားအိပ်ဆောင်၊စာသင်ဆောင်နှင့် စားချက်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်အဖွဲ့သည် နယ်မြေခံသင်တန်းကျောင်းရှိ အောင်စစ်သည်ခန်းမတွင် အရာရှိ၊ စစ်သည်၊ နည်းပြများ၊ သင်တန်းသားများနှင့် အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)အဖွဲ့သည် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးနှင့် ပတ်သက်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြချက်များနှင့် ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှု

**နေပြည်တော် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော တပ်မတော်သား အရာရှိ၊ စစ်သည်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဆေးကုသမှု ခံယူနေသူတစ်ဦးကို ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။



# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်



**နေပြည်တော် မေ ၂၃**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရန် တပ်မတော်

**ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။**

(ရေ)မှ ၅၆ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် မြန်မာ့သစ်လုပ်ငန်း (ရခိုင်ပြည်နယ်) သံတွဲသစ်ထုတ်ရေးဒေသ တောင်ကုတ်နယ် ထန်းတောင်ကွင်း သစ်ဆိပ်မှ ကညင်ခွဲသား အချောင်း ၉၆၀၊ စကားဝခွဲသား ၆၇ ချောင်း စုစုပေါင်း ကုန်တန်ချိန် ၁၁၄ ဒသမ ၆၀၂၂ တန်တို့ကို မေ ၂၂ ရက် နံနက်ပိုင်းတွင် တောင်ကုတ်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ Essar တံတားသို့ ရောက်ရှိခဲ့သည်။

အလားတူ ၅၆ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ် WA-320 WHEEL LOADER တစ်စီး၊ MI-2 EXCAVATOR သုံးစီး စုစုပေါင်းကုန်တန်ချိန် ၃၅ တန် တို့ကို အငူမော်ကမ်းထိုးရပ်၌တင်ဆောင်၍ ယနေ့ နေ့လယ်ပိုင်းတွင် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ သယ်ဆောင်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်များ၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)တို့မှ သင်တန်းသား၊ သင်တန်းသူများ အထင်ကရနေရာများလေ့လာ

**နေပြည်တော် မေ ၂၃**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ကျိုင်းတုံစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ အင်းယားစခန်းနှင့် ကိုကိုးကျွန်းစခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။ ထိုသို့ လေ့လာရေး ခရီးလာရောက်ကြသော ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများကို နျူကလီးယားနည်းပညာ သတင်းအချက် အလက်စင်တာမှ တာဝန်ရှိသူများက နျူကလီးယားအသုံးပြုပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှုဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်ပြီး ကျောက်ဖြူစခန်း၊ စစ်တွေစခန်း၊ ပုသိမ်စခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်းနှင့် မန္တလေးစခန်းတို့မှ ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်တိုင်းဒေသကြီးရှိ မှော်ဘီလေတပ်စခန်းသို့ လေ့လာရေးခရီး သွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများ လေယာဉ်ပျံသန်းမှု အတွေ့အကြုံရရှိစေရန် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ်များ ဖြစ်သော ATR-72 နှင့် Y-12 လေယာဉ်တို့ဖြင့် လက်တွေ့လိုက်ပါစီးနင်းကြပြီး လေယာဉ်ပျံသန်းစီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် လေကြောင်းဆိုင်ရာ အတွေ့အကြုံများကို တာဝန်ရှိသူများက လေယာဉ်ပေါ်၌ ရှင်းလင်းပြသကြသည်။

အလားတူ ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃)တို့မှ သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဗျူဟာစစ်ရေယာဉ်



**အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူများက စစ်ရေယာဉ်ပေါ်တွင် ကြည့်ရှုလေ့လာစဉ်။**

အုပ်စုသို့ သွားရောက်ခဲ့ကြသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အောင်ဇေယျ)နှင့် စစ်ရေယာဉ်(ကျန်စစ်သား)တို့ဖြင့် ရန်ကုန်မြစ်တွင်းမှ ပင်လယ်ဝသို့ ခရီးတိုလိုက်ပါစီးနင်း၍ စစ်ရေယာဉ်များ၏ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာများ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ်စနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးသို့ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကလေးငယ် တစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိ



**နေပြည်တော် မေ ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို KNLAတပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများက ယနေ့ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်

**ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးသို့ KLNA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။**

တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် တစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက မြို့၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်မှုကိုလိုလားသူများသည် မြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျိုက်ဒုံမြို့အဝင်တံတားအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၄ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှုအေး ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှုအေးသည် တာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့များကိုတွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေထောက်ပံ့ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍တွေ့ဆုံဆွေးနွေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မုန်တိုင်းဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရသေ့တောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ လေးကန်ကျေးရွာအုပ်စုအား စားနပ်ရိက္ခာနှင့် အဝတ်အထည်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ရေသန့်ဖြန့်ဝေနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ သံတွဲမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အခြေခံပညာအထက်တန်းကျောင်း(သဲတန်)နှင့် (မြေပုံ)တို့၌ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ မာန်အောင်မြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှ ထောက်ပံ့လှူဒါန်းသော အမိုးသွပ်ပြားများကို သွားရောက်ထောက်ပံ့လှူဒါန်းပြီး မာန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဆောင်ပီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အမိုးသွပ်များကို သွားရောက်ထောက်ပံ့ပေးအပ်ပြီး အဆိုပါမြို့ရှိ ဇဟိုသာသနာပြုကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲစသည့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ မတူပီမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ထေရဝါဒတောင်တန်းသာသနာပြုဇဟိုကျောင်းတိုက်သို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲစသည့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှစာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးနေမှုအခြေအနေများနှင့် လှုဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များက စာရင်းကောက်ယူထားရှိမှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်ပါသည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန်လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ငါးပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားပြီးဖြစ်၍ အဆိုပါ ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူး<br>ချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မေ ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၈၂၂၀ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၇၀၉၅ ဦး |

**နေပြည်တော် မေ ၂၃**

မေ ၂၂ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၃၆၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် မေ ၂၃**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လေဘေးသင့်ပြည်သူများကို ဆန်များ၊ စားသောက်ကုန်များပေးအပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ရှိ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသော နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အရှေ့တောင်ရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများကို သောက်သုံးရေဖြန့်ဝေပေးခြင်းနှင့် ဆေးကုသခြင်းများဆောင်ရွက်ပေး၍ အင်ူမော်ကုန်းတန်းကျေးရွာရှိ စာသင်ကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က လေဘေးသင့်ပြည်သူများကို ဆေးကုသပေးခြင်းများဆောင်ရွက်ပေးကာ ကျောင်းဝင်းအတွင်းလဲကျနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများဆောင်ရွက်ပေးပြီး တန်းအေးကျေးရွာရှိ လေဘေးသင့်ပြည်သူများကို သောက်သုံးရေဖြန့်ဝေပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးသည်။ ထို့ပြင် လေးကန်အုပ်စု လေးကန်ကျေးရွာနှင့် ပေါက်တောကြီးကျေးရွာရှိ လေဘေးသင့်ပြည်သူများကို ဆန်များ၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း ဆောင်ရွက်လျက်ရှိသည်။

စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ရှိ လေဘေးသင့်ပြည်သူများကို သောက်သုံးရေအဆင်ပြေစေရေး ရေသန့်ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘူးသီးတောင်မြို့အတွင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး လိုအပ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

မြောက်ဦးမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့အတွင်း၌လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ပေးပြီး လိုအပ်သော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများ အနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက် နတ်မှော်တန်းရပ်နေ ချောဆုသာသည် ၎င်းအသုံးပြုသည့် “Shone Lae Lae Wai (Chaw Su Ther)” Facebook အကောင့်နှင့် ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဏ္ဍပ်ချောင်းကျေးရွာနေ ကျော်မျိုးသည် ၎င်းအသုံးပြုသည့် “ကိုငယ်” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုကို မေ ၉ ရက်မှ ၁၆ ရက်ထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့မှုကြောင့် မေ ၂၂ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှPDF အဖွဲ့ဝင်အမျိုးသားတစ်ဦးနှင့်၎င်း၏မိသားစုဝင် နှစ်ဦးတို့သည် KA-22 သေနတ်တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံး တစ်လုံး၊ ခဲယမ်းများနှင့်အတူ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သေနတ်တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊လက်ပစ်ဗုံးနှစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၅၆ သိန်းကို ဆုကြေးငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး လက်နက်ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေသူများကျန်ရှိနေသေးကြောင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မုန်တိုင်းအန္တရာယ်မှ ကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံ အကြမ်းဖက်သမားများက ရှောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ၂၄-၅-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမှ မိးရထားဆရာဝန်ကြီးအား PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၁၀၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၀၅၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၆၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၅၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၆၄ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၅၉ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၅၄၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၉ . ၅၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၇ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၆၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် နှင်းဆီလမ်းနှင့် ၂၁ လမ်းထောင့် အိမ်အမှတ် (၂၆၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)၏ အလံပုံစံ



ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ချမ်းသာရွှေပြည်အိမ်ရာ (၁၀)ရပ်ကွက် မြို့တော်(၂)လမ်း အမှတ်(စီ/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ(Myanmar Farmer's Development Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၈-၃-၂၀၂၃ ရက်နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။


၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၈(က)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရသဖြင့် ပြန်လည်ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ(Myanmar Farmer's Development Party)**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါ ပါတီအလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ အလံပုံစံ



မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အက်တနာမီးတောင်ပေါက်ကွဲမှုကြောင့် စစ္စလီကျွန်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထား



**ရောမ မေ ၂၃**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ အက်တနာမီးတောင် မေ ၂၁ ရက်က ပေါက်ကွဲမှုကြောင့် ချော်ရည်ငွေ့များ နေရာအနှံ့ပျံ့နှံ့နေပြီး စစ္စလီကျွန်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားရကြောင်း စစ္စလီကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Sky News သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အက်တနာမီးတောင် ပေါက်ကွဲမှုကြောင့် ယာယီပိတ်ထားရသည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ကာတာနီးယားမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ပြီး မီးတောင်အခြေအနေ တည်ငြိမ်သွားမှသာ လေကြောင်းခရီးစဉ်များကို ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း စစ္စလီကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အက်တနာမီးတောင်ဟာ အီတလီနိုင်ငံမှာရှိတဲ့ မီးတောင်တွေထဲမှာ သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးမီးတောင်ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ပေါက်ကွဲမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး အချိန်ပြည့်စောင့်ကြည့်နေပါတယ်။ ဆိုးရွားတဲ့ အခြေအနေမျိုးတော့ မဟုတ်သေးပါဘူး"ဟု အီတလီအမျိုးသားမီးတောင်နှင့် ဘူမိရူပဆိုင်ရာ အင်စတီကျူက ထုတ်ပြန်ခဲ့သည်။

အက်တနာမီးတောင်မှ ထွက်ပေါ်လာသည့် ချော်ရည်ငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သည့်အတွက် အပြင်သို့ သွားလာခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ ချော်ရည်ငွေ့များသည် မြေထဲပင်လယ်ရှိကျွန်းများထိ ပျံ့နှံ့ရောက်ရှိနေပြီး ချော်ရည်ငွေ့ကင်းစင်ရေးမှာ အချိန်အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းရဖွယ်ရှိနေကြောင်း အီတလီ အမျိုးသားမီးတောင်နှင့် ဘူမိရူပဆိုင်ရာ အင်စတီကျူက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အီတလီနိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ရောမ မေ ၂၃**

အီတလီနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများအတွက် ရုပ်ကြွင်းလောင်စာလုပ်ငန်းများတွင် တာဝန်ရှိကြောင်း သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများက မေ ၂၁ ရက်တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း ရောမမြို့တော်ရဲတပ်ဖွဲ့က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ DW သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ရောမမြို့တွင် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်လည်ပတ်လေ့ရှိသော Trevi Fountain ရေကန်အတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများက မီးသွေးမှုန့်များ လောင်းချ၍ ရုပ်ကြွင်းလောင်စာအတွက် ပြည်သူပိုင်ငွေကြေးများ သုံးစွဲနေမှုကိုရပ်ဆိုင်းရန် ဆန္ဒထုတ်ဖော်ခဲ့ကြရာ အဆိုပါလုပ်ရပ်နှင့်ပတ်သက်၍ အဓိပ္ပာယ်မဲ့တိုက်ခိုက်မှုတစ်ခုအဖြစ် ရောမမြို့တော်ဝန်က ရှုတ်ချခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သော သီတင်းပတ်က ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် Emilia-Romangna ဒေသတွင် လူ ၁၄ ဦး သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရရာ အဆိုပါ ရာသီဥတုဆိုင်ရာ အကျပ်အတည်းသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုများက စတင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်ပွဲကို Ultima Generazione အမည်ရှိ လူငယ်တက်ကြွလှုပ်ရှားသူ အဖွဲ့တစ်ဖွဲ့က ဦးဆောင်ခဲ့ပြီး ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ပြီးမကြာမီ တက်ကြွလှုပ်ရှားသူများကို ရဲတပ်ဖွဲ့က ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဥရောပတစ်လွှားတွင် တက်ကြွလှုပ်ရှားသူများအနေဖြင့် ဆန္ဒထုတ်ဖော်ပွဲများကို လူအများစိတ်ဝင်စားရာနေရာများဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပြတိုက်များ၏ အနုပညာလက်ရာများတည်ရှိရာနေရာများကို ပစ်မှတ်ထား၍ ရာသီဥတုဆိုင်ရာ အသိပညာပေးမှုများမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

AZH

# မိုးခေါင်ရေရှားမှုကြောင့် သစ်သားလှေငယ်ဖြင့်ခရီးသွားလာသည့်ဓလေ့အပေါ် ခြိမ်းခြောက်မှုရှိလာ

**ဘဂ္ဂဒက် မေ ၂၃**

မိုးခေါင်ရေရှားမှုကြောင့် အီရတ်နိုင်ငံ တိုက်ဂရစ်မြစ်အောက်ပိုင်းတွင် ရိုးရာသစ်သားလှေငယ်များဖြင့် ခရီးသွားလာသည့်ဓလေ့အပေါ် ခြိမ်းခြောက်မှုများရှိလာကြောင်း ရိုးရာလှေစီးဓလေ့ကို ထိန်းသိမ်းရန်လုပ်ဆောင်နေသော Safina Project မှ တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ The Arab Weekly သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုကြောင့် သွားလာရေးလုပ်ငန်းများတွင် အခက်အခဲရှိလာခြင်းနှင့် စီးပွားရေးကျဆင်းခြင်းတို့ကြောင့် အီရတ်နိုင်ငံ၏ ဆူမားရီးယန်းခေတ်ကတည်းက စတင်ခဲ့သော ရိုးရာလှေများဖြင့် ခရီးသွားလာသော ဓလေ့တစ်ရပ်သည် ပျောက်ကွယ်တော့မည့် အခြေအနေဖြင့် ကြုံတွေ့နေရရာ အဆိုပါ ရိုးရာအမွေအနှစ်ဓလေ့တစ်ရပ်ကို မပျောက်ကွယ်စေရန်အတွက် မေ ၂၂ ရက်က အဆိုပါ လှေငယ်များဖြင့် ခရီးသွားလာသည့် ဝုဏ်ပြုအစီအစဉ်တစ်ခုကို ဆောင်ရွက်ခဲ့ကြောင်း Safina Project မှ ပြောရေးဆိုခွင့်ရှိသူ Rashad Salim က ပြောကြားသည်။

"နှစ်ပေါင်း လေး၊ ငါးထောင်လောက်ရှိနေပြီဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဟာ ရေလမ်းကြောင်းတွေ၊ ရာသီဥတုဖောက်ပြန်မှုတွေနဲ့ဆက်စပ်ပြီး ခြိမ်းခြောက်ခံနေရပါတယ်။ ဒီယဉ်ကျေးမှုအမွေအနှစ်ဓလေ့ကို မပျောက်ကွယ်အောင် ပြန်လည်ကယ်တင်သွားဖို့လိုအပ်ပါတယ်"ဟု ဂေဟဗေဒပညာရှင်တစ်ဦးဖြစ်သူ Safina Project မှ ပြောရေးဆိုခွင့်ရှိသူ Rashad Salim က ပြောကြားသည်။

အဆိုပါအစီအစဉ်ကို အီရတ်လူငယ်များ သဘာဝပတ်ဝန်းကျင်နှင့် ချိတ်ဆက်မိစေရန်နှင့် ရိုးရာအမွေအနှစ်ကို ပြန်လည်အသက်သွင်းရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ဗြိတိန်နိုင်ငံနှင့် ပြည်တွင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး Aliph ဖောင်ဒေးရှင်းတို့၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် လှေအသင်းခုနစ်ခုကိုတည်ထောင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AZH



# အိန္ဒိယနိုင်ငံ ပြည်နယ်ခုနစ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်စံချိန်တင်မြင့်တက်ဖွယ်ရှိ

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံ ပြည်နယ်ခုနစ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်စံချိန်တင်မြင့်တက်လာဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းသည် လာမည့်ရက်ပိုင်းအတွင်း ဖြတ်သန်းဖွယ်ရှိနေပြီး အပူချိန်ပမာဏသည်လည်း ပုံမှန်အပူချိန်ပမာဏထက် ၂ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာဖွယ် ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေသည့် ပြည်နယ်များမှာ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ အနောက်ဘင်္ဂေါပြည်နယ်၊ ဂျက်ခန်းပြည်နယ်၊ ဟာယာနာပြည်နယ်၊ ရာဂျက်စတန်ပြည်နယ်၊ ချက်တစ်ဂက်ပြည်နယ်နှင့် မတ်ဟာပရာဒေ့ရှ်ပြည်နယ်တို့ဖြစ်ပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာဖွယ်ရှိနေသည့်ပြည်နယ်များမှာ အိုဒီရှာပြည်နယ်၊ အန်ဒရာပရာဒေ့ရှ်ပြည်နယ်၊ တမီလ်နာဒူပြည်နယ်၊ ကီရာလာပြည်နယ်နှင့် မဟာရက်ရှ်သရာပြည်နယ်တို့ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ပြည်နယ် ခုနစ်ပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းဖွယ် ရှိနေပါတယ်။ အပူလှိုင်းဟာ လာမဲ့ ၄၈ နာရီအတွင်း ဖြတ်သန်းဖွယ်ရှိနေတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့်လဲ အပူချိန်စံချိန်တင်မြင့်တက်လာနိုင်တယ်။ အပူလှိုင်းဖြတ်သန်းပြီးရင် မိုးရွာတာတွေ၊ မိုးသက်လေပြင်းကျရောက်တာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အပူလှိုင်းဖြတ်သန်းမည့် ပြည်နယ်များတွင် အမြင့်ဆုံးအပူချိန်ပမာဏမှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိဖွယ်ရှိနေပြီး အာသံပြည်နယ်နှင့် မက်ဟာလာယာပြည်နယ်တို့တွင်လည်း အပူလှိုင်းဖြတ်သန်းရောက်ရှိဖွယ် ရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**

# ဂါနာနိုင်ငံ အာဖလောင်မြို့တွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်တချို့ပျက်စီးပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**အက်ကရာ မေ ၂၃**

ဂါနာနိုင်ငံ အာဖလောင်မြို့တွင် မေ ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မေ ၂၁ ရက်တွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဂါနာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Ghana News Agency(GNA) သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာ အာဖလောင်မြို့အပါအဝင် အာဖလောင်မြို့အနီးရှိ ဒူတာကျေးလက်ဒေသနှင့် အက်ဘာဝိုးမီ ကျေးလက်ဒေသမှဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ ရေလွှမ်းနေသည့် နေအိမ်ပေါင်း ထောင်နှင့်ချီ၍ရှိနေပြီး အာဖလောင်အာဏာပိုင်အဖွဲ့အစည်းက ယာယီရွက်ဖျင်တဲများဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရာချပေးထားကြောင်း အာဖလောင်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒူတာနဲ့ အက်ဘာဝိုးမီ ကျေးလက်ဒေသတွေကို ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ရေဘေးကြောင့် နေအိမ်နဲ့ အခြေခံအဆောက်အအုံတော်တော်များများ ပျက်စီးခဲ့တယ်။ ဒေသခံတချို့ဟာ နေအိမ်ဆုံးရှုံးခဲ့ရတဲ့အပြင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ကြရတယ်။ ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပေမဲ့လဲ ဒေသခံတွေအနေနဲ့ တော်တော်လေး အခက်အခဲတွေ့နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ်တွေဟာ ကျောင်းဝတ်စုံတွေအပြင် စာအုပ်တွေ၊ လွယ်အိတ်တွေတောင် မယူနိုင်ဘဲ အရေးပေါ်ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ စာသင်ကျောင်းတွေကို ယာယီပိတ်ထားပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတချို့ကို စာသင်ကျောင်းတွေမှာ နေရာချပေးထားတယ်"ဟု အာဖလောင်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အက်ပါဗာက Ghana News Agency(GNA) သတင်းဌာနသို့ ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# သွေးပေါင်ချိန်ကို တိကျမှန်ကန်စွာတိုင်းတာစစ်ဆေးထိန်းသိမ်းခြင်းဖြင့် အသက်ရှည်ရှည်နေထိုင်ပါ

ပေါက်ပေါက်



ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကာလအတွင်း အထူးသတိပြုရန်မှာ နာတာရှည်သွေးတိုးရောဂါရှိနေသောသက်ကြီးပိုင်းများသာမက လူငယ်လူရွယ်၊ လူလတ်ပိုင်းများအနေဖြင့်လည်း ဂရုစိုက်ရန်လိုအပ်သည်။ ထို့ပြင် ကိုဗစ်ရောဂါကူးစက်ခံရပါက သွေးတိုးရောဂါနှင့်အခြားရောဂါအခံရှိနေသူသည် ရောဂါအခံမရှိသူထက် အသက်အန္တရာယ်ပို၍ စိုးရိမ်ရသည်။ သွေးတိုးရောဂါသည် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေးဖြစ်ပွားနိုင်ပြီး မြန်မာနိုင်ငံ၌ ပျမ်းမျှ လူလေးဦးလျှင် တစ်ဦးနှုန်းသွေးတိုးရောဂါ ခံစားနေကြရသည်။

**သတိပြုဖွယ်ရာသွေးတိုးရောဂါ**

ကမ္ဘာတစ်ဝန်း လူဦးရေသန်းတစ်ထောင်မှာ သွေးတိုးရောဂါခံစားနေကြရပြီး နှစ်စဉ် ၇ ဒသမ ၁ သန်းခန့် သေဆုံးကြရသည်။ မြန်မာနိုင်ငံတွင်လည်း သွေးတိုးရောဂါခံစားနေရသူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ပို၍မြင့်တက်လာနေကြောင်းကို အရှေ့တောင်အာရှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ကျွမ်းကျင်ဆေးပညာရှင်များက သွေးတိုးရောဂါကို တိတ်တဆိတ်လူသတ်သမားဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါမရွေး၊ ရာသီဥတုမရွေး ဖြစ်တတ်သော ရောဂါအမျိုးအစားဖြစ်ကာ အပူအကြောင်းခံ၍ သွေးတိုးခြင်း၊ အအေးအကြောင်းခံ၍ သွေးတိုးခြင်းနှင့် အပူအအေးနှစ်ပါးပြိုင်ပြီး သွေးတိုးခြင်းဟူ၍ သွေးတိုးရောဂါ သုံးမျိုးရှိသည်။

**သွေးပေါင်ချိန်တိုင်းမည်ဆိုပါက**

သွေးပေါင်ချိန်တိုင်းသည့်အခါ အနေအထားမှန်မှသာမှန်ကန်သောအဖြေကို ရရှိနိုင်မည်။ သွေးပေါင်ချိန်မတိုင်းမီနာရီဝက်အတွင်း အစာစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း မလုပ်ရန်၊ ဝမ်းနည်းဝမ်းသာ၊ စိတ်လှုပ်ရှားချိန်တွင် သွေးပေါင်မချိန်ရန်၊ သွေးပေါင်မချိန်မီ ၁၀ မိနစ်ခန့် ကိုယ်ရောစိတ်ပါ ဖြေလျှော့အနားယူရန်၊ လက်မောင်းပတ်လေအိတ်နှင့် နှလုံးကို ရေပြင်ညီ တစ်တန်းတည်းရှိနေပြီး သွေးပေါင်ချိန်နေစဉ် ငြိမ်ငြိမ်နေရန်၊ စကားမပြောရန်၊ မလှုပ်ရန်ဖြစ်သည်။

**သွေးပေါင်ချိန်တိုင်းတာရာတွင် ကွာဟနေသောအချက်များ**

စကားပြောနေချိန် 10 mmHg ကွာခြားသည်။ ဆီးအိမ်တင်းနေချိန် 10-15 mmHg ကွာခြားသည်။ အကျႌပေါ် လက်မောင်းပတ်ရှိလျှင် 5-50 mmHg ကွာခြားသည်။ ဆေးလိပ်သောက်ထားလျှင် 6-20 mmHg ကွာခြားသည်။ ကျောမှီမရှိလျှင် 6-10 mmHg ကွာခြားသည်။ ခြေထောက်ချိတ်ထိုင်နေလျှင် 2-8 mmHg ကွာခြားသည်။ လက်ကိုစားပွဲပေါ် တင်မထားလျှင် 1-11 mmHg ကွာခြားသည်။

**သွေးတိုးရောဂါအဆင့်**

သွေးဖိအားကို မီလီမီတာမာကျူရီယူနစ်ဖြင့် တိုင်းတာပြီး နှလုံးကြွက်သားညှစ်ထုတ်စဉ် သွေးကြောအတွင်း ဖြစ်ပေါ်နေသောဖိအားကို အပေါ်သွေးဟုခေါ်ပြီး နှလုံးကြွက်သား မူလအတိုင်းပြန်ဆန့်စဉ် ဖြစ်ပေါ်နေသောဖိအားကို အောက်သွေးဟုခေါ်သည်။ အသက် ၁၈ နှစ်အထက် ရှိသူများအားလုံး၏ သွေးဖိအားအခြေအနေကို ပုံမှန်သွေးဖိအား၊ ပုံမှန်ထက်မြင့်မားပြီး သွေးတိုးမဟုတ်သည့် အခြေအနေ၊ အဆင့်-၁ သွေးတိုးရောဂါ၊ အဆင့်-၂ သွေးတိုးရောဂါဟူ၍ အပိုင်းလေးပိုင်းခွဲခြားသတ်မှတ်လေ့ရှိသည်။ အပေါ်သွေး ၁၂၀ အောက်နှင့် အောက်သွေး ၈၀ အောက်က ပုံမှန်သွေးဖိအားဖြစ်သည်။ အပေါ်သွေး ၁၂၀ မှ ၁၃၉ ကြားနှင့် အောက်သွေး ၈၀ မှ ၈၉ ကြားက ပုံမှန်ထက်မြင့်မားပြီး သွေးတိုးမဟုတ်သေးသည့် အခြေအနေဟု ယူဆလေ့ရှိသည်။ အပေါ်သွေး ၁၄၀ မှ ၁၅၉ ကြားနှင့် အောက်သွေး ၉၀ မှ ၉၉ ကြားကို သွေးတိုးရောဂါ အဆင့်-၁ အဖြစ်သတ်မှတ်သည်။ အပေါ်သွေး ၁၆၀ နှင့်အထက်၊ အောက်သွေး ၁၀၀ နှင့်အထက်က သွေးတိုးရောဂါ အဆင့်-၂ ဖြစ်ကာ စိုးရိမ်ရသည်။

**သွေးတိုးရောဂါလက္ခဏာများ**

သွေးတိုးရောဂါရှိသူများ၏ပျမ်းမျှ သုံးပုံတစ်ပုံခန့်မှာ မည်သည့်လက္ခဏာများ ထွေထွေထူးထူးမပြ၍ မိမိကိုယ်ကို သွေးတိုးနေမှန်းမသိကြခြင်းဖြစ်သည်။ လူအများစုတွင်ဖြစ်တတ်သော ရောဂါအစလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ အသက်ရှူမြန်ဆန်လာခြင်း၊ အမြင်ဝေဝါးလာခြင်း၊ နားအူခြင်း၊ မျက်နှာရောင်အမ်းခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ မျက်ခွံမို့အစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း စသည်တို့ဖြစ်တတ်သည်။ အမျိုးသမီးများ ဓမ္မတာရာသီလာနေစဉ် သွေးဖိအားတိုးသည်။ သွေးတိုးရောဂါ၏ သဘောသဘာဝမှာ ရောဂါစဖြစ်ပြီဆိုသည်နှင့် ဆက်တိုက်သွေးတိုးသွားရန်သာရှိသည်။ ပြန်ကောင်းသွားစရာအကြောင်းမရှိပေ။ ရောဂါလက္ခဏာပေါ်သည်နှင့် မပေါ်သည်သာဖြစ်သည်။ သွေးတိုးကျဆေးအမျိုးအစားသည် အခြားသော ပဋိဇီဝအကိုက်အခဲပျောက်ဆေးများကဲ့သို့ သောက်သုံးသူကိုဆေးယဉ်သွားခြင်း(ဆေးမတိုးခြင်း)ပြဿနာမျိုး လုံးဝမဖြစ်နိုင်ပေ။ ထို့ကြောင့် မိမိသဘောဖြင့် လက္ခဏာပေါ်လျှင် ဆေးသောက်မည်၊ ရောဂါလက္ခဏာမပေါ်လျှင် ဆေးမသောက်ဘဲနေသည်မျိုး မပြုလုပ်သင့်ပေ။ မည်သည့်ရောဂါလက္ခဏာမျှမပြဘဲနှင့်လည်း သွေးတိုးရောဂါ ဆိုးဆိုးရွားရွားရှိနေနိုင်သည်ကို သတိပြုပါ။

**သွေးတိုးနိုင်သောအခြားအကြောင်းများ**

သွေးတိုးရောဂါရှိသူများ၏ ၉၀ ရာခိုင်နှုန်း၊ ၉၅ ရာခိုင်နှုန်းခန့်မှာ အကြောင်းရင်းတိတိကျကျမသိရဘဲ သွေးတိုးနေကြပြီး ကျန် ငါးရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းခန့်က ခန္ဓာကိုယ်တွင်းရောဂါတစ်ခုခုစွဲကပ်နေခြင်းကြောင့် သွေးတိုးရောဂါ ခံစားလာကြသည်။ အထူးသဖြင့် ကျောက်ကပ်ရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သိုင်းရွိုက်ဟော်မုန်း အထွက်လွန်ကဲသောရောဂါ စသည့် ပဋိဇီဝဆေးမှီသောက်သုံးရခြင်း၏ ဘေးထွက်ဆိုးကျိုးကြောင့် ဖြစ်ပေါ်လာသော သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်သွေးတိုးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် ပူပြင်းသော နေရောင်ခြည်အောက် အချိန်ကြာမြင့်စွာသွားလာရခြင်း စသည့် အကြောင်းများကြောင့်လည်း သွေးတိုးရောဂါဖြစ်လာရသည်။

**သွေးတိုးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ**

သွေးတိုးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကလည်း လူ့အသက်အန္တရာယ်နှင့် လက်တစ်ကမ်းတွင်ရှိနေ၍ မပေါ့ဆသင့်ပေ။ သွေးတိုးရောဂါကြောင့် နှလုံးသွေးကြောများ မာကျောကျစ်လျစ်လာပြီး နှလုံးသွေးကြောကျဉ်းခြင်း သို့မဟုတ် ပိတ်ဆို့ခြင်း၊ နှလုံးကြွက်သားများ ထူထဲလာခြင်း၊ နှလုံးညှစ်အား လျော့နည်းလာခြင်း စသည့်နှလုံးရောဂါအမျိုးမျိုးဖြစ်လာနိုင်သည်။ သွေးတိုးကြောင့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးကြောပေါက်ခြင်းဖြစ်လာကာ ထိုမှတစ်ဆင့် လေဖြတ်လေငန်းရောဂါဖြစ်လာနိုင်သည်။ သွေးတိုးရောဂါတာရှည်လာပါက ကျောက်ကပ်ပျက်စီးသွားပြီး ဆီးထဲသွေးပါခြင်း၊ ဆီးဆိပ်တက်ခြင်းများ ဖြစ်လာသည်။ သွေးတိုးရောဂါပြင်းထန်မှုကြောင့် မျက်ကြည်လွှာနှင့် သွေးကြောများ ထိခိုက်ပျက်စီးပြီး အမြင်အာရုံ ထိခိုက်ယိုယွင်းသွားနိုင်သည်။ သွေးတိုးရောဂါရှိသူများက သွေးဖိအားကို 140-90 mmHg ထက်မကျော်လွန်အောင်ထိန်းထားသင့်ပြီး ဆီးချိုနှင့် ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် သွေးဖိအားကို 130-80 mmHg အောက်ရှိနေရမည်ဖြစ်သည်။

**ဘဝနေထိုင်နည်းပုံစံ**

ကိုယ်အလေးချိန်အဝမလွန်စေရန် ထိန်းသိမ်းထားရမည်ဖြစ်ရာ Body Mass Index(BMI)ကို၁ ဒသမ ၅ မှ ၂၄ ဒသမ ၅ အတွင်းရှိနေရမည်။ လမ်းမြန်မြန်လျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း စသည့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို တစ်နေ့ မိနစ် ၃၀ ပုံမှန်လုပ်ပါ။ စိတ်ဖိစီးမှုများခြင်း၊ သောကများခြင်း၊ ဒေါသအမျက်ထွက်ခြင်းတို့က သွေးတိုးစေနိုင်သဖြင့် အတတ်နိုင်ဆုံးစိတ်အေးချမ်းသာစွာနေထိုင်ပါ။ နေပူဆာလှုံရင်းလမ်းလျှောက်ပါ။ သီတင်းတစ်ပတ်လျှင် နှလုံးအားကောင်းစေသောလေ့ကျင့်ခန်းလေးကြိမ်မှ ငါးကြိမ်ထိလုပ်ပါ။ နံနက်နှင့် ညနေတို့တွင် ၁၀ မိနစ်ခန့် အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ အလုပ်ချိန်ကို လျှော့ချနိုင်ပါက လျှော့ချပေးပါ။ တရားမှတ်ပါ။ ယောဂကျင့်ပါ။ အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်လေးများနှင့် အချိန်ပေး၍နေပါ။ သာယာငြိမ့်ညောင်းတေးသီချင်းများနားဆင်ပြီး သက်သောင့်သက်သာဖြစ်အောင်နေပါ။ အိပ်ရေးမဝခြင်းကလည်း သွေးတိုးနိုင်ပါသည်။

**ဆောင်ရန်ရှောင်ရန်အစားအစာများ**

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ၊ အဆီထုတ်ထားသော နို့နှင့် နို့ထွက်ပစ္စည်းများကို များများစားပါ။ ဆား(ဆိုဒီယမ်) ပမာဏပါဝင်မှုနည်းသော အစားအစာများကို ရွေးချယ်ပါ။ အရသာကောင်းမွန်စေရန် ပြုပြင်ထားသော အစားအစာများနှင့် အသင့်စားအစားအစာအထုပ်များတွင်လည်း ဆားပါဝင်မှုများ၍ သတိပြုပါ။ ငါးများများစားပါ။ အဆီပါဝင်မှုများသော အနီရောင်အသားများနှင့် ကြက်၊ ဘဲ အရေခွံများကို ရှောင်ပါ။ ကိုလက်စထရောများသော အဆီ၊ အအိမ့်အချိုများကိုရှောင်ပါ။ အရက်အလွန်အကျွံသောက်သုံးခြင်းက သွေးတိုးစေနိုင်သဖြင့် အထူးရှောင်ကြဉ်ပါ။ တိရစ္ဆာန်ထွက်ဆီနှင့် အုန်းဆီမစားပါနှင့်။ ဟင်းချိုမှုန့်(အချိုမှုန့်)နှင့် ကြက်သားမှုန့်များရှောင်ပါ။ ငါးဟင်းလျာကို အနည်းဆုံး တစ်ပတ်လျှင် သုံးရက်စားပေးပါ။ အရက်ကို တစ်နေ့လျှင် နှစ်ပက်ထက် ပိုမသောက်ပါနှင့်။ သွေးတိုးရောဂါအတွက် ဆရာဝန်ညွှန်ကြားထားသော သွေးကျဆေးများကို တိတိကျကျ လိုက်နာသုံးစွဲပါ။ သင်ခံစားနေရသော ရောဂါလက္ခဏာပေါ်မူတည်၍ မိမိဘာသာ ဆေးအတိုး၊ အလျှော့မလုပ်ပါနှင့်။

**သွေးတိုးရောဂါပျောက်မြန်မာ့ဆေးနည်းတိုများ**

မြန်မာ့ရိုးရာဆေးနည်းတိုများက သွေးတိုးရောဂါကို လွန်စွာကောင်းကျိုးပြုပေးနိုင်သည်။ ဒန့်သလွန်ရွက်ကိုရေဆေးပြီးထောင်းကာ အရည်ညှစ်ယူပြီး လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့်သောက်ပေးခြင်း၊ ဒန့်သလွန်ရွက်ဟင်းခါးရည်ကို ကြက်သွန်ဖြူနိုင်နိုင်ခတ်၍ သောက်ခြင်း၊ သံပရာသီးစေ့ ငါးစေ့ခန့် ဝါးစားခြင်း၊ သံပရာပင်၏အခေါက်ကို ဆေးကြောပြီး ရေဖြင့်သွေး၍သောက်ခြင်း၊ ထို့ပြင် သံပရာသီးတစ်လုံးကို အလယ်မှထက်ခြမ်းလှီးကာ ရေနွေးအပူချိန် ၇၅ ဒီဂရီဖယ်ရင်ဟိုက်ထဲသို့ ၄၅ မိနစ်ခန့်ထည့်ပြီး ၎င်းပြုတ်ရည်ကို သောက်သုံးခြင်း၊ မြင်းခွာရွက်ကို အရည်ညှစ်သောက်ခြင်း၊ သုပ်စားခြင်း၊ ဟင်းခါးချက်သောက်ခြင်းဖြင့် သွေးတိုးကျစေသည်။

**(သတိပြုရန်)သွေးပေါင်တက်နေစဉ် ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကာကိုလာသောက်သုံးခြင်း လုံးဝမပြုပါနှင့်။**

အချုပ်အားဖြင့်ဆိုသော် အသက်ငယ်ရွယ်သူများသည် ရောဂါအခံတစ်စုံတစ်ရာကြောင့် သွေးတိုးရောဂါဖြစ်လေ့ရှိသော်လည်း အသက်ကြီးသူများတွင် ရောဂါအခံမရှိဘဲ သွေးတိုးရောဂါဖြစ်နိုင်သည်။ ထို့ပြင် သွေးတိုးရောဂါသည် ကျန်းမာရေးနှင့်လျော်ညီအောင်နေထိုင်စားသောက်မှုမရှိသူများတွင် အဖြစ်များပြီး ကိုယ်လက်လေ့ကျင့်ခန်းမလုပ်သူများ၊ အဝလွန်သူများ၊ အဆီများသူများနှင့် ဆီးချိုရောဂါရှိသူများတွင် သွေးတိုးရောဂါဖြစ်နိုင်ခြေပိုများသည်။ ထို့ကြောင့် မိမိသွေးပေါင်ချိန်ကို ထိန်းသိမ်းထားသင့်ပါကြောင်းနှင့် ကိုဗစ်ရောဂါကာလတွင် သွေးတိုးရောဂါကိုအထူးသတိရှိကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

❖ သွေးဖိအားကို မီလီမီတာမာကျူရီယူနစ်ဖြင့် တိုင်းတာပြီး နှလုံးကြွက်သားညှစ်ထုတ်စဉ် သွေးကြောအတွင်း ဖြစ်ပေါ်နေသောဖိအားကို အပေါ်သွေးဟုခေါ်ပြီး နှလုံးကြွက်သား မူလအတိုင်းပြန်ဆန့်စဉ်ဖြစ်ပေါ်နေသောဖိအားကို အောက်သွေးဟုခေါ်သည်။ အသက် ၁၈ နှစ်အထက်ရှိသူများအားလုံး၏ သွေးဖိအားအခြေအနေကို ပုံမှန်သွေးဖိအား၊ ပုံမှန်ထက်မြင့်မားပြီး သွေးတိုးမဟုတ်သည့်အခြေအနေ၊ အဆင့်-၁ သွေးတိုးရောဂါ၊ အဆင့်-၂ သွေးတိုးရောဂါဟူ၍ အပိုင်းလေးပိုင်း ခွဲခြားသတ်မှတ်လေ့ရှိသည်။ ❖

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |


**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**

**လိုအပ်သည်ဟု ခံစားနေရပါက**

**သတင်းအချက်အလက်မျှဝေရာစင်တာသို့**

**ဆက်သွယ်နိုင်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

**ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)**


# ဘိုကလေးမြို့နယ်တွင်မွေးမြူရေးကြက်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိဈေးကောင်းရရှိ



**ဘိုကလေး မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် မွေးမြူရေးကြက် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလအတွင်းက မွေးမြူရေးကြက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိသာဈေးရရှိခဲ့ပြီး မေ ၁ ရက်မှ ယနေ့ထိ မွေးမြူရေးကြက် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ဒေသတွင် မွေးမြူရေးကြက် ဈေးကောင်းလာခြင်းသည် ကြက်မွေးမြူသူများ လျော့နည်းလာခြင်းကြောင့် မွေးမြူရေးကြက် ဈေးကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

“မွေးမြူရေးကြက်သားဈေးက မေလ ပထမပတ်ကနေ စတင်ပြီး ဒီကနေ့ထိ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရနေပါတယ်။ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးကြက်တွေ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုနှစ်ထဲမှာ မွေးမြူရေးကြက်မွေးတဲ့သူတွေ လျော့နည်းလာလို့ ဈေးကောင်းတာပါ။ ဈေးကောင်းလာတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဘိုကလေးမြို့နယ်က မွေးမြူရေးလုပ်ငန်းရှင်တွေဟာ မွေးမြူရေးကြက်ကို အများဆုံး မွေးမြူကြပါတယ်”ဟု ဘိုကလေးမြို့မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

အဆိုပါ မွေးမြူရေးကြက်၏ သက်တမ်းသည် ကြက်ပေါက်စတင်မွေးချိန်မှ ရောင်းချိန်ထိ ၄၅ ရက်မှ ရက် ၅၀ ထိ ကြာမြင့်ပြီး ယခင်က ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၅၀၀ မှ ၉၀၀ ထိသာ ဈေးပေးဝယ်ယူခဲ့ရရာ ယခုအခါ ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ထိ ဈေးပေးဝယ်ယူနေရကြောင်း၊ ကြက်စာမှာလည်း ယခင်က ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ထိသာဈေးရှိခဲ့ပြီး ယခုအခါ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ ထိ ဈေးတက်လာကြောင်း ဘိုကလေးမြို့မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချောင်းနားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ချောင်းနားကျေးရွာ၌ VRFP စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် သုည ဒသမ ၇၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် သုည ဒသမ ၂၃ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သန္တာ**







## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ် အ.ထ.က ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇေယျာမျိုး ၏သမီး မနော်အေးသီရိ (၉/စကတ(နိုင်)၁၃၉၄၃၇)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၆-၄-၂၀၀၇ ဖြစ်ပါကြောင်း။

၆-၄-၂၀၀၇

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်နေ ဦးကျော်ကျော်နိုင်-ဒေါ်စန်းယုထွေး တို့၏သားဖြစ်သူ **မောင်ထက်ဝေကျော်** သည် မိဘများ ဆုံးမစကားနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်ကျော်နိုင်-ဒေါ်စန်းယုထွေး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိမ်းလဲ့နဒီ (ဘ) ဦးလှမြင့်အောင် မှတ်ပုံတင်အမှတ် (၉/ပဥလ(နိုင်)၀၄၅၇၄၃)၊ ပြင်ဦးလွင်မြို့နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-438532) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မစိမ်းလဲ့နဒီ (၀၉-၇၉၇၇၇၃၀၂၂)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးထက်နောင် (ဘ) ဦးလှမြင့်အောင် မှတ်ပုံတင်အမှတ် (၉/ပဥလ(နိုင်)၀၈၃၉၀၆)၊ ပြင်ဦးလွင်မြို့နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-121603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မောင်မျိုးထက်နောင် (၀၉-၅၁၈၀၀၁၁၇)**

**ဥတ္တရာသီ တောကိုမှီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ မြောင်းဘောင်ရပ်နေ ကျွန်မ ဒေါ်ခင်သန္တာအေး ၏သားဖြစ်သူ **မောင်ခန့်စည်သူ(၉/စကတ(နိုင်)၁၃၀၆၉၉)**သည် မိခင်နှင့် ဆွေမျိုးသားချင်းများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မတို့မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ လုံးဝဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်သန္တာအေး (၉/စကတ(နိုင်)၀၆၁၇၂၉)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်ကွက်နေ ကျွန်မ ဒေါ်ခင်ခင်ကြီး ၏သားဖြစ်သူ **မောင်ဉာဏ်လင်းထွန်း (၅/စကန(နိုင်)၂၃၈၃၃၇)**သည် မိခင်နှင့်ညီအစ်ကို၊ မောင်နှမများ၏ ဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်ခင်ကြီး (၉/မနမ(နိုင်)၀၁၁၆၄၂)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန္ဒာဝင်း (ဘ) ဦးဝင်းကြိုင် မှတ်ပုံတင်အမှတ် (၉/မမန(နိုင်)၀၁၉၃၇၁)၊ ပြင်ဦးလွင်မြို့နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-349915) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဒေါ်စန္ဒာဝင်း (၀၉-၇၉၇၇၇၃၀၂၂)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅-S,)နေ ကျွန်တော် ဦးသန်းဦး (ဘ) ဦးအောင်သန်း (၁၂/သဃက(နိုင်)၀၈၆၈၂၄) ကိုင်ဆောင်သူမှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

**မလှလှမော်(ဘ)ဦးအောင်ကျော်မိုး (၉/မဟမ(နိုင်)၀၄၂၉၀၈)** ကိုင်ဆောင်သူသည် ကျွန်ုပ်၏ပြောစကားများ၊ဆိုဆုံးမမှုတို့ကို လုံးဝနာခံခြင်းမရှိဘဲ ဆန့်ကျင်လျက်ရှိပါသည်။ ကျောင်းနေအရွယ် သား/သမီးကလေးငယ်များ၏ မျက်နှာကိုကြည့်၍ ကျွန်ုပ်က အကြိမ်ကြိမ် သည်းခံခွင့်လွှတ်ခဲ့သော်လည်း ဆင်ခြင်၍မသွားပါ။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ယခင်၊ ယခု၊ နောင်ကာလများတွင် မလှလှမော် နှင့်ပတ်သက်သော၊ စပ်လျဉ်းသော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း လေးနက်တည်ကြည်စွာဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဦး (ဘ) ဦးအောင်သန်း (၁၂/သဃက(နိုင်)၀၈၆၈၂၄)**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ ပလစ(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-7(အောင်)မှ မအိစန္ဒာလင်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးငြိမ်းဆောင် ဖြစ်ပါကြောင်း။ **ဦးငြိမ်းဆောင်(၉/နထက(နိုင်)၁၈၂၃၈၁)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ဒေါ်သန်းအေး (ဘ) ဦးခို (၅/မမန(နိုင်)၀၃၅၆၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၅၈၆၄၅၉၅၁**

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၁၀၉၊ Dလမ်း၊ ၄၇×၄၈ကြားနေ (ဘ) ဦးသန့်ဇင် (၉/ပသက(နိုင်)၀၅၂၆၅၉)၏သမီးဖြစ်သူ မသုန္ဒရာသန့်ဇင်အား မသိမ်မွေ့သန့်ဇင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသိမ်မွေ့သန့်ဇင်**

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ အောင်သက်နိုင်လင်း (ဘ) ဦးအောင်မြင့် (၁၄/ပသန(နိုင်)၁၀၁၈၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-449671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၆၄၂၅၁၁၆

### ပျောက်ဆုံးကြောင်း

ရေကြည်မြို့နေ ပြည့်ပိုင်မြိုး (ဘ) ဦးလှမြင့် (၁၄/ရကန(နိုင်)၁၆၆၂၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-214644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၈၄၀၃၃၀၈

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ စော်မျိုးဦး (ဘ) ဦးမြဲခို (၁၄/ပသန(နိုင်)၈၀၃၇၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(A-248706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၁၁၈၆၅၄၃

**မီး သတိပြု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူထုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်...

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်...

❖ ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများကို လိုက်လံမေးမြန်းအားပေးစကားပြောကြားစဉ်။**

ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

စာမျက်နှာ - ၂၆


၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်



စာမျက်နှာ - ၂၀

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉